မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ နီကိုလပ်(စ်)ဆာကိုဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်

တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၃

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိတို့ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များနှင့် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၁၄ ရက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျကြီးကြပ် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ ပညာရည်မြင့်မားရေးသည် အဓိကအခန်းက ပါဝင်သည်။

ခေတ်မီနည်းပညာသစ်များဖြင့် စီမံဖြည့်ဆည်းပေးခဲ့၍ လူငယ်လူရွယ်များအဖို့ နိုင်ငံတကာအဆင့်မီ ပညာရပ်များကို လက်လှမ်းတမီ သင်ယူနိုင်ကြပြီဖြစ်သည်။

ကျေးလက်နေပြည်သူများ ပညာဗဟုသုတတိုးပွားပြီး စာပေဖတ်ရှုသည့် အလေ့အထ ရှိလာစေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ ကျေးလက်ဒေသများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၃ခုနှစ်မှစတင်၍ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၀၆ခုနှစ်တွင် နိုင်ငံတစ်ဝန်း ကျေးရွာအားလုံး၌ စာကြည့်တိုက် ၅၅၇၅၅တိုက် ထူထောင်နိုင်ခဲ့ပြီ ဖြစ်သည်။

ယင်းကဲ့သို့ စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် စေတနာရှင်ပြည်သူများ၏ အားသုံးအားပေါင်းစည်းညီညွတ်မှုကြောင့်ပင် ဖြစ်သည်။ အလှူရှင်များ၏ စေတနာထက်သန်စွာ လှူဒါန်းထူထောင်ခဲ့ကြသည့် ငွေကြေးနှင့် ပစ္စည်းတန်ဖိုးပမာဏသည်လည်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖြစ်ထွန်းလာစေရေးအတွက် အထောက်အကူ ဖြစ်စေသည်။

စာကြည့်တိုက်များမှ ရရှိလာသော စာပေအလင်းရောင်သည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုလျက်ရှိရာ နိုင်ငံတော်က စာကြည့်တိုက်များ ပေါ်ထွန်းလာစေရေး စီမံဖော်ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ဒေသဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများက စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်မှုကော်မတီများဖွဲ့စည်းကာ စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အသိပညာနှင့် ဗဟုသုတများ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ်၅(ဆ)နေ ဦးလှမြအား ရည်စူး၍ ဒေါ်ဒေစီသွင်၊ သား ဦးခိုင်စိုး၊ မြေး မဝင်းဖြူဌေး မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်က လက်ခံယူသည်။ **(အောက်ပုံ)** (က-ပ)

မြဝတီ ရုပ်မြင်သံကြား

၁၄-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက်** (အပိုင်း-၁၈)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်း၏ နောက်ကွယ်** (အပိုင်း -၃)

ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး သစ်ပင်စိုက်ပျိုးပွဲကျင်းပ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်သစ်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၃

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဌာနအကြီးအကဲများက သတ်မှတ်နေရာများ၌ သစ်ပင်များစိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ရုံးနယ်မြေအတွင်း ပညာရေးဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးကြ

ယခုနှစ် ပညာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ မဟော်ဂနီပင်များ အပင် ၂၀၀၊ အရိပ်ရပင်များဖြစ်သည့် ကုက္ကို၊ ဗန်ဒါ၊ တမာ၊ ပုန်းညက်၊ မန်ကျည်းပင်များ အပင် ၅၀၀၊ နှစ်ရှည် စားသုံးပင်များဖြစ်သည့် အုန်း၊ မာလကာ၊ သရက်၊ ပိန္နဲ၊ ဒူးရင်း၊ ဒန့်သလွန်ပင်များ အပင် ၅၀၀၊ အလှပင်များဖြစ်သည့် ရွှက်လှ၊ စက္ကူပန်း၊ ခရာဝါ၊ နွယ်သာကီ၊ စိန်ပန်းပင်များ အပင်၅၀၀၀ကျော် စသည်ဖြင့် သစ်ပင်မျိုးစုံ အပင်၆၃၀၀ကျော် စိုက်ပျိုးကြကြောင်း သိရှိရသည်။

ပညာရေးဝန်ကြီးဌာန ဆည်အမှတ် (၄၃)၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဆက်လက်၍ကျင်းပရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများ၊ ရုံးသူရုံးသားများက ငွေရောင်ငါးကြင်းသားပေါက် ၁၀၀၀၊ ငါးမြစ်ချင်း သားပေါက် ၄၀၀၀နှင့် ငါးခုံးမကြီး သားပေါက် ၄၀၀၀တို့ကို လျှိုပိတ်ဆည်အတွင်းသို့ စိုက်ထည့် လွှတ်ပေးကြသည်။ **(သတင်းစဉ်)**

ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၃

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက နိုင်ငံတော်သံဃမဟာနာယက ယောဆရာတော်ကြီး အမှူးပြုသောကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် စာချစာသင်သံဃာတော် ၁၉၈ပါးနှင့် ပင့်သံဃာတော်များအား စေတနာရှင်များစုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း စာမေးပွဲ၌ သီးခြားစာချတန်းအောင် အရှင်ဝဇိရပါဏီ လင်္ကာရာဘိဝံသ၊ မြင်းခြံမြို့ သီးခြား စာသင်တန်းနှင့် မုံရွာမြို့ ပိဋကာလင်္ကာရ ဓမ္မာစရိယ စာမေးပွဲ သီးခြားစာသင်တန်းအောင် အရှင်ဇဝနာလင်္ကာရာဘိဝံသ၊ မြင်းခြံ မြို့ မူလစာသင်တန်းအောင် အရှင်မုနိန္ဒာလင်္ကာရ၊ အရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အစိုးရ ပထမကြီးတန်း ရန်ကုန်တိုင်း ဒုတိယ ဂုဏ်ထူးရ ရှင်စန္ဒိမာလင်္ကာရ၊တတိယဂုဏ်ထူးရ အရှင်ကုဏ္ဍလာလင်္ကာရ၊ ပထမလတ်တန်း ပထမဂုဏ်ထူးရ ရှင်ဝရဉာဏ၊ ပထမငယ်တန်း တတိယဂုဏ်ထူးရ ရှင်အာစာရ၊ သာမဏေကျော်ဘွဲ့ရရှင်ဇောတိကာလင်္ကာရ၊ ရှင်သုဒဿနာ လင်္ကာရ၊ ရှင်သောပါကာလင်္ကာရ သာသနာ့ အာဇာနည်အရှင်မြတ် ၁၁ပါးနှင့် ကျောင်းတိုက် ဘာသာစုံစာမေးပွဲအောင် သံဃာတော်အရှင်မြတ်တို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအားလုံး ကြွရောက်ကြပါရန် ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

အရာခံ၊ အကြပ်စစ်သည် မိသားစုများနှင့် အမှတ် ၃၆၆ ဇေယျာ ခေမာ လမ်း (၆)ရပ်ကွက် မရမ်းကုန်း မြို့နယ် နေ ဒုတိယ ဗိုလ်မှူးကြီး အောင်မော် တို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေး အဖွဲ့နာယက ဦးကိုကိုကြီးကလက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၈(တနင်္လာနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ ဘုရားပွင့်လာရခြင်းတရားတော်(အပိုင်း-၆) (ဆရာတော်အရှင်ပုညာနန္ဒ)
- ၈:၀၀-၂:၀၀ Rainforest Homeland (အပိုင်း-၂)
- ၈:၂၅-၂:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀-၂:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ [ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)နှင့် တွေ့ဆုံခြင်း]
- ၈:၅၀-၂:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅-၂:၅၅ သာသနာ့အမွေခံ ရှင်ပြုရဟန်းခံ
- ၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀-၃:၂၀ အရိယာဉာဏ်ဖြင့်သာဝင်စားအပ်သော အမြတ်တကာ့အမြတ်ဆုံး နိဗ္ဗာန်တရားတော် [ဒေါက်တာချစ်ငယ် (ဒဿန)Ph.D]
- ၉:၃၅-၃:၃၅ မြန်မာ့သနပ်ခါး
- ၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၅-၃:၅၅ ပတ္တမြားမြေမှ ရတနာပျိုးခင်း
- ၁၀:၁၀-၄:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅-၄:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၀-၄:၂၀ အမျိုးသားဆေးပညာအမွေပေးရာ......တိုင်းရင်းဆေးတက္ကသိုလ်(အပိုင်း-၂)
- ၁၀:၄၅-၄:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀-၄:၅၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (ရတနာတို့ရဲ့အရှင်သခင် စိန်ဘုရင်)
- ၁၁:၃၅-၅:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၅-၅:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀-၅:၅၀ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၁:၅၅-၅:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၀၀-၆:၀၀ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Streamline)
- ၁၂:၁၀-၆:၁၀ တေးဂီတအစီအစဉ်
- ၁၂:၁၅-၆:၁၅ ကလေးများအတွက် နှိမ်နင်းကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
- ၁၂:၃၅-၆:၃၅ VJ Choice
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကိုးပါးသီလခံယူဆောက်တည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က *စာမျက်နှာ ၆ ကော်လံ ၁ သို့*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံအိုလံပစ်ပွဲတော် အထိမ်းအမှတ်အဖြစ် ပေကျင်းမြို့ရှိ ချန်အမ်းလမ်းမကြီးဘေး၌ မြက်ခင်းများဖြင့် အလှဖန်တီးပုံဖော်ပြုလုပ်ထားသည်ကို ဇူလိုင်၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သဘာဝ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးများအဆင့် အစည်းအဝေး အင်ဒိုနီးရှားနိုင်ငံက တာဝန်ယူကျင်းပမည်

ဂျကာတာ ဇူလိုင် ၁၃

အင်ဒိုနီးရှားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ဇူလိုင် ၁၃ရက်၌ ပြောကြားသည်။

ဖိတ်ကြား

ပိုလန်နိုင်ငံတွင် ယခုနှစ်ကုန်၌ကျင်းပမည့် ကမ္ဘာ့ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးအကြိုအဖြစ် နိုင်ငံပေါင်း ၁၈နိုင်ငံမှ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးများကို ဂျပန်နိုင်ငံ၌ ကျင်းပနေသည့် ဂျီ-၈ထိပ်သီးအစည်းအဝေး၌ ဖိတ်ကြားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြောကြား

ထို့အပြင် လာမည့်စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လာသော အဆိုပါ၁၈နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးများအား တရားဝင်ထပ်မံဖိတ်ကြားသွားမည်ဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီးရက်မက်ဝီတိုလာက ပြောကြားသည်။

သဘောတူညီ

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ပြီးခဲ့သည့်နှစ်က သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီးများအစည်းအဝေး ကျင်းပခဲ့စဉ်က ဖန်လုံအိမ်အာနိသင်လျှော့ချရေး၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့နည်းရေး စသည်တို့နှင့်ပတ်သက်သည့် လုပ်ငန်းလမ်းညွှန် အစီအစဉ်များကို ချမှတ်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် လာမည့် ၂၀၅၀ပြည့်နှစ်၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု လက်ရှိထက် ၅၀ရာခိုင်နှုန်း လျှော့ချရန်လည်း သဘောတူညီခဲ့ကြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၁၃-၇-၂၀၀၈

ပါကစ္စတန်၌ လက်နက်မျိုးစုံဖမ်းမိ

ကရာချိ ဇူလိုင် ၁၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကိုဟတ်မြို့တွင် ဇူလိုင် ၁၃ရက် နံနက်က လေယာဉ်ပစ်လက်နက်များ၊ ဗုံးကျည်များ၊ စိန်ပြောင်းများ၊ ပခုံးထမ်းပစ် ဗုံးကျည်လက်နက် အများအပြားကို ရှာဖွေဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းလက်နက်များနှင့်ပတ်သက်နေသည့် လူများကိုလည်း ဖမ်းဆီးမိခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ထုတ်ဖော်ပြောကြားသည်။

ကျူးဘား၌ တရုတ်ယဉ်ကျေးမှုပွဲတော်ကျင်းပ

ဟာဗားနား ဇူလိုင် ၁၃

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ (၈)ကြိမ်မြောက် တရုတ်ယဉ်ကျေးမှုပွဲတော် အထိမ်းအမှတ်အဖြစ် ဇူလိုင်၁၁ရက်မှ စတင်ကာ သုံးရက်ကြာ ကျင်းပသည့် ကုန်စည်ပြပွဲတွင် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ထုတ်ကုန်စီးပွားရေးကဏ္ဍများ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ အခမ်းအနားသို့ ကျူးဘားယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတက်ရောက်ပြီး တရုတ်ရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေလျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ရုရှားက ပြတိုက်သုံးအရာရှိအား သူလျှိုဟု စွပ်စွဲ

မော်စကို ဇူလိုင် ၁၃

ရုရှားနိုင်ငံ မော်စကိုမြို့ ပြတိုက်သုံးရုံးမှ သံအရာရှိတစ်ဦးကို ရုရှားလုံခြုံရေး တပ်ဖွဲ့ဝင်များက ဇူလိုင် ၁၂ရက်၌ သူလျှိုအဖြစ် စွပ်စွဲလိုက်သည်။ ၎င်းသံအရာရှိသည် ရုရှားနိုင်ငံ၌ ထောက်လှမ်းရေးလုပ်ငန်းများ လုပ်ကိုင်နေခြင်းကြောင့် ယခုကဲ့သို့ စွပ်စွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘရာဇီး၌ ယာဉ်တိုက်မှောက်မှုဖြစ်ပွား

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၃

ဘရာဇီးနိုင်ငံ ရိုနဒိုနီယာပြည်နယ်၌ ဇူလိုင် ၁၁ရက်က ခရီးသည်တင်ဘတ်စ်ကား တစ်စီးတိမ်းမှောက်ရာ ခရီးသည် ၂၂ဦး သေဆုံးခဲ့ပြီး ယင်းနေ့ နံနက်စောစောပိုင်းကလည်း ပရိုတိုဗယ်လ်ဟိုပြည်နယ်၏ ကီလိုမီတာ ၃၅၀အကွာရှိ အဝေးပြေးလမ်းမပေါ်၌ ကုန်တင်ကားနှင့်ဘတ်စ်ကားတို့တိုက်မိရာ ခရီးသည် ၂၀ကျော် သေဆုံးခဲ့ရကြောင်း။ ယင်းဖြစ်ပွားမှုများကြောင့် အဝေးပြေးလမ်းမကြီးအား ခုနစ်နာရီကြာ လမ်းပိတ် ရှင်းလင်းခဲ့ရကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်၌ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ကဘူးလ် ဇူလိုင် ၁၃

အာဖဂန်နစ္စတန်နိုင်ငံဟဲလ်မန့် ပြည်နယ်တောင်ပိုင်းတွင် ဇူလိုင် ၁၃ ရက် နံနက်က အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်အနီး ဗုံးခွဲတိုက်ခိုက်မှုဖြစ် ပွားရာ တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

သီရိလင်္ကာတောင်ပိုင်း၌ တမီးလ်ကျားသူပုန်တို့တိုက်ခိုက်

ကိုလံဘို ဇူလိုင် ၁၃

သီရိလင်္ကာနိုင်ငံ တောင်ပိုင်း မိုနာရာဂါလာဒေသ၌ ဇူလိုင် ၁၁ရက်က ခရီးသည်များ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးအား တမီးလ်ကျားသူပုန်တို့က လက်နက်ငယ်များဖြင့် ပစ်ခတ်ရာ အရပ်သားလေးဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်၌ ဖော်ပြသည်။

ပေကျင်းဆင်ခြေဖုံး၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ

ပေကျင်း ဇူလိုင် ၁၃

တရုတ်နိုင်ငံပေကျင်းမြို့ ဆင်ခြေဖုံး၌ ဇူလိုင် ၁၃ ရက်နံနက်က သစ်တောလုပ်ငန်းများဆောင်ရွက်ရန် ပျံသန်းသွားသော ရဟတ်ယာဉ်မှာ ပျက်ကျသွားခဲ့ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူး သေဆုံးသွားကြောင်း သိရသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အသေးငယ်ဆုံးနေအိမ်

ဂျာမနီနိုင်ငံအရှေ့ပိုင်း ဇော့ကူမြို့တွင် အမျိုးသားတစ်ဦးက ဆလွန်းကား တစ်စီးပေါ်၌ တင်ပြီးသယ်ယူသွားနိုင်သည့် အိမ်ငယ်တစ်လုံးကို တည်ဆောက်ခဲ့ရာ ၎င်းအိမ်ငယ်သည် အနံ ၄ပေ၊ အလျား ၅ပေရှိသဖြင့် လူနေနိုင်သည့် နေအိမ်များ၌ အသေးငယ်ဆုံးအဖြစ် (ယာပုံ) ဂင်းနက်စ်မှတ်တမ်း၌ ဇူလိုင် ၁၀ရက်က ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

အသေးငယ်ဆုံးစပီကာ

ဂျပန်နိုင်ငံ ဆိုနီအီလက်ထရွန်နစ်ကုမ္ပဏီက ဇူလိုင် ၁၂ ရက်တွင် ထုတ်လုပ်လိုက်သော စပီကာ HT-15100 အမျိုးအစားသည် တင်းနစ်ဘောလုံးအရွယ်သာရှိသဖြင့် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး စပီကာလေးများအဖြစ် (ဝဲပုံ) ကမ္ဘာ့မှတ်တမ်းတင်နိုင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားခရီးသွားအမျိုးသမီး မြောက်ကိုရီးယား၌ ပစ်သတ်ခံရ

ဆိုးလ် ဇူလိုင် ၁၃

တောင်ကိုရီးယား ခရီးသွားဧည့်သည် အမျိုးသမီးတစ်ဦး မြောက်ကိုရီးယားနိုင်ငံ တောင်ခြေအပန်းဖြေစခန်းတစ်ခု၌ ဇူလိုင် ၁၁ ရက်က ပစ်သတ်ခံခဲ့ရကြောင်း ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အပန်းဖြေစခန်း

မြောက်ကိုရီးယားရှိ ကွမ်ဂန်အပန်းဖြေစခန်း၌ ပစ်သတ်ခံရခြင်းဖြစ်ပြီး ၎င်းအပန်းဖြေစခန်းမှာ တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းစီးပွားရေးလုပ်ငန်းအုပ်စုက တည်ဆောက်ထားခြင်းဖြစ် သည်။ ထိုအပန်းဖြေစခန်းသို့ တောင်ကိုရီးယားခရီးသွားများ နှစ်စဉ်တစ်သန်းကျော် လာရောက်လည်ပတ်ကြသည့် နေရာတစ်ခု ဖြစ်သည်။

သွားရောက်လည်ပတ်

တောင်ကိုရီးယားနိုင်ငံ၏ ပေါင်းစည်းရေးဝန်ကြီးဌာနအနေဖြင့် ယခုအဖြစ်အပျက်နှင့်ပတ်သက်ပြီး မြောက်ကိုရီးယားသို့ သွားရောက်မည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားများသည် မြောက်ကိုရီးယားနိုင်ငံသို့ ၁၉၉၈ခုနှစ် နိုဝင်ဘာလကပင် သွားရောက်လည်ပတ်မှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါအပန်းဖြေစခန်း၌ ဟိုတယ်၊ စတိုးဆိုင်များနှင့် ဂေါက်ဖ်သီးကွင်းတို့ရှိသည်။ **(အင်တာနက်)**

ဗင်နီဇွဲလားနှင့်ကိုလံဘီယာဆက်ဆံရေး ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်ဟုဆို

ကရာကတ် ဇူလိုင် ၁၃

ဗင်နီဇွဲလားနှင့် ကိုလံဘီယာ နှစ်နိုင်ငံ နိုင်ငံရေးတင်းမာမှု လအတန်ကြာဖြစ်ပွားပြီးနောက် မိမိတို့ နှစ်နိုင်ငံ ရင်းရင်းနှီးနှီး ဆက်ဆံလိုကြကြောင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်နှင့် ကိုလံဘီယာသမ္မတ အယ်ဗာရိုယူရိုက်တို့က ပြောကြားလိုက်သည်။

ကဏ္ဍသစ်

ဗင်နီဇွဲလားနိုင်ငံ၌ တွေ့ဆုံအပြီး မစ္စတာချာဗက်ဇ်က ပြောကြားရာ၌ မိမိတို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ပြီ ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဧည့်သည်တော် ကိုလံဘီယာသမ္မတ ယူရိုက်က တုံ့ပြန်ပြောကြားရာတွင် မိမိတို့ နှစ်နိုင်ငံသည် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လိုက်လံတိုက်ခိုက်

အီကွေဒေါနိုင်ငံအတွင်းအထိ ကိုလံ ဘီယာတပ်ဖွဲ့ဝင်များက သူပုန်များကို လိုက်လံတိုက်ခိုက်ပြီးနောက် ဗင်နီဇွဲလား သမ္မတက ၎င်း၏တပ်များကို နယ်စပ်သို့ စေလွှတ်သည့် မတ်လအတွင်းက နှစ်နိုင်ငံ ဆက်ဆံရေးမှာ အောက်ဆုံးအထိ ကျဆင်းသွားခဲ့သည်။ **(အင်တာနက်)**

အာဖဂန်၌ အမေရိကန် လေကြောင်းတိုက်ခိုက်မှု အရပ်သား၄၇ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၁၃

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ဇူလိုင် ၆ရက်က အမေရိကန် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား၄၇ဦး သေဆုံးကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီးနှင့် ကလေးများ ၃၉ဦးပါဝင်ကြောင်း အာဖဂန်အစိုးရ စုံစမ်းစစ်ဆေးရေးအဖွဲ့က ကြေညာသည်။

နန်ဂါဟာ ပြည်နယ်အတွင်း လေကြောင်းတိုက်ခိုက်မှုတွင် လူ၂၀သေဆုံးကြောင်း တစ်ချိန်တည်းမှာပင် သတင်းထွက်လာသည်။ သေဆုံးသူအားလုံးမှာ စစ်သွေးကြွများဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ကြေညာသည်။

သို့သော် ဒေသခံပြည်သူများကမူ သေဆုံးသူများမှာ မင်္ဂလာဆောင် အခမ်းအနားတက်ရောက်သူများဖြစ်သည်ဟု ဆိုသည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အရပ်သားများသေဆုံး ထိခိုက်ဒဏ်ရာရမှုမှာ လက်မခံနိုင် စရာဖြစ်ရပ်ဟု ကြေညာထားသည်။ ဇူလိုင်၆ရက်က လေကြောင်း တိုက်ခိုက်မှုတွင် သေဆုံးကြသည့်ကိစ္စကို စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင်ကိုးဦးပါဝင်သည့် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းထားသည်။ **(အင်တာနက်)**

ဘဝအမောပြေ

အလုပ်ချိန်မီအောင် . . . .

ကုမ္ပဏီ၌ အလုပ်ဝင်ချိန်အမြဲတမ်း နံနက်၉နာရီတွင်ရောက်လေ့ရှိသူ ဂျွန်ဆင်သည် အလုပ်ချိန် အလွန် လေးစားသူအဖြစ် နာမည်ရလေသည်။ တစ်နေ့၌ ထူးခြားစွာဖြင့် ရောက်နေကျ နံနက်၉နာရီတွင် ရောက်မလာသဖြင့် ကုမ္ပဏီပိုင်ရှင်နှင့်တကွ ဝန်ထမ်းများစိတ်ပူနေကြရာ နံနက် ၁၁နာရီကျမှ ဂျွန်ဆင် ရောက်ရှိလာလေသည်။

ပိုင်ရှင် ။ ။ ဂျွန်ဆင်ဘာဖြစ်လို့ နောက်ကျနေတာလဲ။

ဂျွန်ဆင်။ ။ မပြောပါနဲ့တော့ ဆရာရယ်။

ပိုင်ရှင် ။ ။ ဘယ်လိုများဖြစ်လို့လဲကွာ ချွေးတွေလည်းရွှဲလို့။

ဂျွန်ဆင်။ ။ မနက်၇နာရီကတည်းက အိမ်ကထွက်လာပြီး ရထားစီးပါတယ်။

ပိုင်ရှင် ။ ။ အေး...အဲဒီတော့ ဘာဖြစ်လဲ။

ဂျွန်ဆင်။ ။ ရထားက နှေးတယ်ထင်တာနဲ့ ကျွန်တော် လမ်းတစ်ဝက်ဘူတာမှာဆင်းပြီး ကုမ္ပဏီကို ပြေးလာခဲ့လို့ပါ။

ပိုင်ရှင် ။ ။ "ဟေ"

စင်ကာပူနှင့် အင်ဒိုနီးရှား လေတပ်များ ပူးတွဲစစ်ရေး လေ့ကျင့်

စင်ကာပူ ဇူလိုင် ၁၃

စင်ကာပူနှင့် အင်ဒိုနီးရှားလေတပ်များပူးတွဲ၍ ဇူလိုင် ၉ရက်မှ ၁၁ရက်အထိ စင်ကာပူ၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြကြောင်း နှစ်နိုင်ငံလေတပ် အရာရှိများက ဇူလိုင်၁၂ရက်၌ ထုတ်ဖော်ပြောကြားသည်။

စစ်ရေးလေ့ကျင့်

စင်ကာပူနှင့်အင်ဒိုနီးရှား နှစ်နိုင်ငံတို့အနေဖြင့် လေတပ်အချင်းချင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၁၅)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ယခုပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် နှစ်နိုင်ငံ လေတပ်တပ်ဖွဲ့ဝင်အင်အား ၃၀၀ ပါဝင်ပြီး လေယာဉ်၁၅စင်းတို့ ပါဝင်ခဲ့ကြသည်။

ပူးတွဲလေ့ကျင့်

အဆိုပါ လေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို စင်ကာပူနိုင်ငံ ပါယာလီဘာ လေတပ်အခြေစိုက် စခန်း၌ သုံးရက်ကြာပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ ပူးတွဲလေ့ကျင့်ရာတွင် ပထမအဆင့်အနေဖြင့် တိုက်လေယာဉ်တစ်စင်းချင်း စွမ်းရည်၊ လေယာဉ်အုပ်စုလိုက် စွမ်းရည်များအပါအဝင် နည်းမျိုးစုံ ပြင်ဆင်စုစည်းမှုကို မြေပြင်၌ ပြုလုပ်ခဲ့ကြသည်။

စစ်ဆင်ရေးဆောင်ရွက်

ဒုတိယအဆင့်အဖြစ် ဝေဟင်၌ တိုက်ခိုက်ရေးလေယာဉ်များ အုပ်စုလိုက်နှင့်တစ်စင်းချင်းအပြင် စစ်ဆင်ရေးဆောင်ရွက်မှုများကို အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ အစ်ဝါဟူဒီ လေတပ် အခြေစိုက်စခန်း၌ ဇူလိုင် ၁၈ရက်မှ ဩဂုတ် ၁ရက်အထိ ပူးတွဲ လေ့ကျင့်ကြမည်ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာမှုခင်းဖြစ်ရပ်

သံသယနွံတွင်းမှ လွတ်မြောက်ခဲ့ပါသော်လည်း

လန်ဆိုင်းမြို့သည် အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသရှိ မစ်ချီဂန်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး လူဦးရေသုံးသိန်းကျော်နေထိုင်ကာ စည်ကားလှသော မြို့ဖြစ်သည်။ ယင်းမြို့တွင် အသက် ၅၈နှစ်ရှိ ကွန်ပျူတာဆော့ဖ်ဝဲလုပ်ငန်းရှင် ဂျွန်ရမ်းဆေးနေထိုင်သည်။ ဂျွန်ရမ်းဆေးသည် မုဆိုးဖိုတစ်ဦးဖြစ်သော်လည်း နောက်အိမ်ထောင်ထပ်ပြုခြင်းမရှိဘဲ အသက် ၂၁နှစ်အရွယ်ရှိသားဖြစ်သူ ဘာကီရမ်းဆေးအား ပြုစုစောင့်ရှောက်ကာ တစ်ဖက်ကလည်း သူ၏စီးပွားရေးလုပ်ငန်းတွင်သာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်လုပ်ကိုင်ကာ ငွေကြေးကို စုဆောင်းခဲ့သော ကြောင့် လူချမ်းသာစာရင်းဝင်တစ်ဦး ဖြစ်လာသည်။

သံသယနွံအတွင်းမှ လွတ်မြောက်ခဲ့

ဂျွန်သည် ဇနီးသည် ပက်စီရမ်းဆေးနှင့် တူနှစ်ကိုယ်တိုင်းပြည်ကို စတင်တည် ထောင်ပြီး သူမုဆိုးဖိုဘဝရောက်သည့်အထိ ပြောင်းရွှေ့နေထိုင်ခဲ့သည်မှာ ယခုအခါ သုံးနေရာမြောက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပြောင်းရွှေ့နေထိုင်ရခြင်းမှာ သူ၏ဘဝတွင် ကြေကွဲဖွယ်ရာဖြစ်ရပ်များနှင့် နှစ်ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရသောကြောင့် ဖြစ်သည်။ သို့သော်လည်း သူတို့မိသားစုအနေဖြင့် သူတို့မကျူးလွန်ခဲ့သော ပြစ်မှုအတွက် သံသယဖြင့် စွပ်စွဲခံရကာ သူ၏ဇနီးသေဆုံးပြီး နှစ်နှစ်ကြာမှသာ သူတို့မိသားစု ထိုသံသယနွံအတွင်းမှ လွတ်မြောက်ခဲ့သည်။ ထိုသို့လွတ်မြောက်ပြီး သာယာချမ်းမြေ့စွာနေထိုင်ရမည့်အချိန်တွင် သူ့ထက်အသက်ခုနစ်နှစ်ငယ်သည့် ချစ်ဇနီးချော ကလေး ပက်စီရမ်းဆေးကား သူ့အား ထာဝရကျောခိုင်းသွားခဲ့ပေပြီ။

ကြေကွဲတမ်းတ

ဂျွန်ရမ်းဆေး၏ ရင်ထဲတွင် လွန်ခဲ့သော အနှစ်၂၀နှစ်ကျော်က သာယာစိုပြည်လှသော သူ၏မိသားစုဘဝလေးကို သတိရတိုင်း တမ်းတနေမိသည်။ ထိုသို့တမ်းတရင်းမှ အတိတ်က သူ၏ကြည်နူးချမ်းမြေ့ဖွယ်ရာ၊ ကြေကွဲတမ်းတ၊ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ ဖြစ်ရပ်များက မဖိတ်ခေါ်ပါဘဲလျက် သူ၏အတွေးရေလျဉ်ကြောထဲသို့ စီးမျောဝင်ရောက်လာခဲ့သည်။

ထိုစဉ် ၁၉၈၅ခုနှစ်က သူ၏အသက်မှာ ၃၅နှစ်သာရှိသေးသည်။ အနာဂတ်ဘဝ တက်လမ်းများဖြင့် နုပျိုလန်းဆန်းတက်ကြွနေသော ထူးချွန်ထက်မြက်သည့် ဂျွန်ရမ်းဆေးသည် အသက် ၂၀တွင် ကွန်ပျူတာဘွဲ့ရပြီးနောက် ကွန်ပျူတာပညာရှင်အဖြစ် အလုပ်ဝင်နေသည်မှာ ၁၅နှစ်ရှိနေပေပြီ။ ဂျွန်၏မိဘများသည် ချမ်းသာသော်လည်း ဂျွန်သည် ဘဝင်မြင့်ခြင်း အလျှင်းမရှိပေ။ သူသည်

ဂျွန်၏မိဘများသည် ချမ်းသာသော်လည်း ဂျွန်သည် အောက်ခြေလွတ် ဘဝင်မြင့်ခြင်း လုံးဝမရှိ၊ သူသည် စိတ်သဘောထား ပြည့်ဝပြီး မိဘများအပေါ် ကျေးဇူးသိတတ်ကာ ဒုက္ခ ရောက်နေသူများအား အမြဲကူညီလေ့ရှိသည့် စိတ်ကောင်းရှိသူဖြစ်။

စိတ်သဘောထားပြည့်ဝပြီး မိဘများအပေါ်ကျေးဇူးသိတတ်ကာ ဒုက္ခရောက်နေသူများအား အမြဲကူညီလေ့ရှိသည့် စိတ်ရင်းကောင်းရှိသူလည်းဖြစ်သည်။

နှစ်နှစ်ကာကာ

ဂျွန်သည် ယင်းနှစ်တွင်ပင် သူ့ထက်အသက် ခုနစ်နှစ်ငယ်သည့် အသက် ၂၈နှစ်အရွယ်ရှိ ပက်စီဆိုသော မိန်းမချောလေးနှင့် မေတ္တာမျှခဲ့ကြသည်။ တစ်ဦးအပေါ်တစ်ဦး အသက်ထက်ဆုံး နှစ်နှစ်ကာကာမြတ်မြတ်နိုးနိုး ချစ်ခဲ့ကြသော ဂျွန်နှင့်ပက်စီတို့သည် ၁၉၈၆ခုနှစ်တွင် လက်ထပ်ခဲ့ကြသည်။ ၁၉၈၇ခုနှစ်တွင် သားကြီးဘာကီရမ်းဆေး၊ ၁၉၉၀ပြည့်နှစ်တွင် သမီးငယ် ဂျွန်ဘီနက်ရမ်းဆေးတို့ကို မွေးဖွားခဲ့သည်။ ထို့ကြောင့် ခင်ပွန်း ဂျွန်ရမ်းဆေး၊ ဇနီးပက်စီရမ်းဆေး၊ သား ဘာကီရမ်းဆေးနှင့် သမီး ဂျွန်ဘီနက်ရမ်းဆေး **(အပေါ်ပုံ)**တို့ ပါဝင်သော မိသားစုစုံစုံလင်လင် ဘဝလေးမှာ ကြည်နူးချမ်းမြေ့ဖွယ်ရာ အတိပြီးနေခဲ့သည်။ အိမ်ထောင်သက် တစ်လျှောက်လုံး ဂျွန်နှင့်ပက်စီတို့ ဇနီး မောင်နှံနှစ်ဦးတွင် အိမ်ထောင်ရေးပြဿနာ မရှိခဲ့ကြပေ။

သွေးစက်သုံးစက်

ထိုသို့ပြဿနာမရှိသော သူတို့မိသားစုတွင် ၁၉၉၆ခုနှစ် ဒီဇင်ဘာ ၂၆ရက်နေ့၌ သူတို့နေထိုင်ရာ ကော်လိုရာဒိုပြည်နယ် ဘိုလ်ဒါမြို့ရှိ အိမ်ခြံဝင်းတွင်းတွင် အသက် ၆နှစ်အရွယ်ရှိ သမီးလေး လည်ပင်းညှစ်သတ်ခံရပြီး သေဆုံးနေသည်ကို ကြေကွဲဖွယ်ရာကြုံတွေ့ခဲ့ရသည်။ သူမ၏ နံဘေးတွင်လည်း ဒေါ်လာ ၁၁၈၀၀၀ တောင်းသည့် ငွေတောင်းစာကို တွေ့ရှိခဲ့ရသည်။ ထိုသေဆုံးမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က သူတို့မိသားစုမှ သားအကြီးဖြစ်သူအား မသင်္ကာဖြစ်ခဲ့သဖြင့် စိတ်ဆင်းရဲခဲ့ရသည်။ ထိုအမှုတွင် တရားခံအစစ်ကို မရှာနိုင်ဘဲ လိပ်ခဲတည်းလည်းဖြစ်ခဲ့ရသည်။ သမီး၏ အဖြစ်ဆိုးကို မေ့ပျောက်သွားစေရန် သူတို့မိသားစုသည် ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့သို့ ပြောင်းရွှေ့နေထိုင် ခဲ့သည်။ ထိုအမှုမပေါ်မီ ၂၀၀၆ခုနှစ်တွင် ဇနီးသည် ပက်စီရမ်းဆေးမှာ ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ပြန်သည်။ ထို့ကြောင့် ကြေကွဲစွာခံစားနေရသော ဂျွန်ရမ်းဆေးသည် မစ်ချီဂန်ပြည်နယ် လန်ဆိုင်းမြို့သို့ ပြောင်းရွှေ့နေထိုင်ပြန်သည်။ ၂၀၀၈ခုနှစ် ဇူလိုင် ၁၀ရက်တွင် တရားရုံးက ဂျွန်ဘီနက်ရမ်းဆေး သေဆုံးမှုနှင့် ပတ်သက်ပြီး သူတို့တွင် အပြစ်မရှိကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း ဂျွန်ဘီနက်ရမ်းဆေး၏ အင်္ကျီတွင်တွေ့ရသော သွေးစက်သုံးစက်၏ ပိုင်ရှင် လူသတ်တရားခံကိုမူ ယနေ့တိုင် ဖော်ထုတ်နိုင်ခြင်း မရှိသေးချေ။

ယခုဖြစ်ရပ်တွင် သံသယနွံတွင်းမှ လွတ်မြောက်ခဲ့ပါသော်လည်း ဇနီးဖြစ်သူ ပက်စီရမ်းဆေးနှင့်သမီးဖြစ်သူ ဂျွန်ဘီနက်ရမ်းဆေးတို့အား တစ်သက်တာ ထာဝရတသသ လွမ်းဆွေးတမ်းတနေရဦးမည့် ဂျွန်ရမ်းဆေး၏ ဖြစ်အင်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

သူတို့ အတွေးနှင့် အမြင်

* *The distance is nothing, it is only the first step that is difficult.*

အကွာအဝေးသည် ပဓာနမဟုတ်ဘဲ ပထမခြေလှမ်းရန်သာ ခက်ခဲနေခြင်းဖြစ်သည်။

မားကွတ်စ်ဒူဒက်ဖ်ဖန် (ပြင်သစ်လူမျိုး စာရေးဆရာမ)

* *Grace is but glory begun, glory is but grace perfected.*

လူတိုင်း၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းခြင်းသည် ဂုဏ်ကျက်သရေရှိမှုမှ စတင်ပြီး ယင်းဂုဏ်ကျက်သရေရှိမှုသည် ပြည့်စုံပြီးဖြစ်သည့် လူတိုင်း၏ ချစ်ခင်နှစ်လိုဖွယ် ကောင်းမှုပင်ဖြစ်သည်။

ဂျိုနာသန်အက်ဒ်ဝပ်စ်

(အမေရိကန်လူမျိုး ဘာသာရေးသမား)

လကြိုဟ်၌ရေရှိသည့်အထောက်အထားတွေ့ရှိ

အာကာသသိပ္ပံ

လကြိုဟ်လေ့လာရေးယာဉ်မှ ပေးပို့သောဓာတ်ပုံများအရ လကြိုဟ်၏မျက်နှာပြင်အတွင်းပိုင်းကို တူးဖော်ကြည့်ရာမှ တွေ့ရှိရသော အစိုင်အခဲများသည် ကမ္ဘာဂြိုဟ်ရှိ ရေများခိုအောင်းနေသည့် မြေစိုင်မြေခဲများနှင့်ဆင်တူကြောင်း၊ ထို့ကြောင့် လကြိုဟ်ပေါ်၌ ရေရှိနိုင်သည့် အထောက်အထားကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း နာဆာသုတေသနပညာရှင်များက ဇူလိုင် ၁၂ရက်၌ ပြောကြားသည်။

စနစ်တကျလေ့လာ

ထို့အပြင် လကြိုဟ်ပေါ်မှ ယူဆောင်လာသည့် ဒြပ်ခဲအချို့ **(အောက်ပုံ)** ကို စနစ်တကျလေ့လာခဲ့ရာ ၎င်းဒြပ်ခဲများမှာ တစ်ချိန်က မီးတောင်ကဲ့သို့သော ပေါက်ကွဲမှုမျိုးမှ လွင့်စင်ထွက်ပေါ်လာသော အစိတ်အပိုင်းများဖြစ်ပြီး ရေများဖုံးလွှမ်းခဲ့မှုကြောင့် ယခုကဲ့သို့ အနေအထားဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း နာဆာသုတေသန ပညာရှင်များက ပြောကြားသည်။



လေ့လာတွေ့ရှိချက်အသစ်တစ်ရပ် အရ လကြိုဟ်ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်းသုံးဘီလီယံခန့်က အလွန်ကြီးမားသည့် မီးတောင်ပေါက်ကွဲမှုမျိုး ဖြစ်ပေါ်ခဲ့သည်ဟုလည်း ၎င်းဒြပ်ခဲများကို လေ့လာခဲ့ရာမှ သိရှိခဲ့ရသည်။

အဆိုပါ ဒြပ်ခဲများမှာ လွန်ခဲ့သည့် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်များက လကြိုဟ်သို့ အပိုလိုအာကာသယာဉ်ဖြင့် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့သည့်အချိန်က ကမ္ဘာသို့ ယူဆောင်လာခဲ့သော ဒြပ်ခဲများဖြစ်သည်။

အင်တာနက်ကျန်းမာရေး

သဘာဝသစ်သီးဖျော်ရည် သာမန်ထက်ပိုမိုသောက်သုံးလျှင် အမျိုးသမီးများ၌ ဆီးချိုရောဂါဖြစ်ပွားနိုင်

သဘာဝသစ်သီးဖျော်ရည်များ (အပေါ်ပုံ) ကို သာမန်ထက် ပိုမိုသောက်သုံးသော အမျိုးသမီးများ အနေဖြင့် ဆီးချိုရောဂါဖြစ်ပွားမှု အခွင့်အလမ်းများစေကြောင်း အမေရိကန် သုတေသနပညာရှင်များက ဇူလိုင် ၁၂ရက်တွင် သတိပေးပြောကြားလိုက်သည်။

သွေးချိုဆီးချိုရောဂါ

ယခင် သုတေသနပြုချက်များ၌ သဘာဝသစ်သီးဖျော်ရည်များ ပုံမှန်သောက်သုံးခြင်းသည် သွေးချိုဆီးချို ရောဂါများဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း အချို့သုတေသနပညာရှင်များက ပြောကြားခဲ့သော်လည်း ယင်းတို့၏ သုတေသနပြုချက်မှာ လွဲမှားနေကြောင်း ၎င်းတို့က ပြောကြားသည်။

ဟင်းသီးဟင်းရွက်

သို့သော်လည်း အချိုဓာတ် နည်းပါးပြီး အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များကို နေ့စဉ် ပုံမှန်စားသုံးသွားပါက သွေးချိုရောဂါ ဖြစ်ပွားမှု လျော့နည်းစေကြောင်း ၎င်းတို့၏ သုတေသန ပြုချက်၌ ဖော်ပြထားသည်။

ငှက်ပျောသီး၊ ဖရဲသီး၊ သင်္ဘောသီးနှင့် ထောပတ်သီးဖျော်ရည်တို့သည် သကြားဓာတ် ပါဝင်မှုပမာဏ များပြားသည်ဖြစ်ရာ နေ့စဉ်ပုံမှန်ထက် ပိုမိုသောက်သုံးသွားပါက ဆီးချိုရောဂါ ဖြစ်ပွားမှု အခွင့်အလမ်းများစေသည်ဟု အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာသုတေသန ပြုချက်၌ ဖော်ပြထားသည်။

ဇင်ဘာဘွေအားအရေးယူရန် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ရုရှားနှင့်တရုတ်တို့ ဗီတိုဖြင့်ပယ်ချ

ဂျီနီဗာ ဇူလိုင် ၁၃

အတိုက်အခံက သပိတ်မှောက်သည့် တစ်ကျော့ပြန် သမ္မတရွေးကောက်ပွဲ အကြမ်းဖက်ကျင်းပမှုနှင့်စပ်လျဉ်း၍ ဇင်ဘာဘွေနိုင်ငံအား အရေးယူပိတ်ပင်ရေး အနောက်အုပ်စုထောက်ခံသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ရုရှား နှင့်တရုတ်တို့က ဇူလိုင်၁၁ရက်တွင် ဗီတိုဖြင့် ပယ်ချလိုက်သည်။

အဆိုပါ ဆုံးဖြတ်ချက်အရ ဇင်ဘာဘွေနိုင်ငံကို လက်နက်ပိတ်ပင်ရေး၊ ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီနှင့် ၁၃ဦးတို့အား ငွေကြေးနှင့် ခရီးသွားလာခွင့် ပိတ်ပင်ရေး၊ ဇင်ဘာဘွေဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်တစ်ဦး ခန့်ထားရေးတို့ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ၁၅နိုင်ငံရှိသည့်အတွက် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲရာတွင် ကိုးနိုင်ငံက ထောက်ခံပြီး ဗီတိုအာဏာရ ရုရှားနှင့်တရုတ်အပါအဝင် ငါးနိုင်ငံက ကန့်ကွက်ကာ တစ်နိုင်ငံက မဲမပေးဘဲနေသည်။

ဤရလဒ်သည် အနောက်အုပ်စုအနေဖြင့် ရုရှားနှင့်တရုတ်ကို ဤဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အနည်းဆုံး ကြားနေရန်ကိုပင် မစည်းရုံး၊ မသိမ်းသွင်းနိုင်ကြောင်း ပြသခြင်းဖြစ်သည်ဟု ရိုက်တာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇေတဝန်ကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ ဇေတဝန်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသဘိဝံသက အနုမောဒနာတရားမြွက်ကြားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၇-၂၀၀၈ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဆိုပြိုင်ပွဲ
- ၇:၅၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ အကပြိုင်ပွဲ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပြိုင်ပွဲ
- ၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၀ ၄။ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၁၀ ၆။ ရုပ်မြင်ရသ တေးစုကဏ္ဍ
- ၅:၂၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၅၀ ၁၃။ အတီးပြိုင်ပွဲ
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၁၁)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့**(အပိုင်း-၁၁)
- ၁၉။ အစီအစဉ်ပြီး၏။

အထက(၅) မင်္ဂလာတောင်ညွန့် ပညာရည်ချွန်ဆု ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၅) (ယခင်စိန့်မိုက်ကယ်ကျောင်း)၏ ပညာရည်ချွန်ဆုပေးပွဲနှင့်ကျောင်းဆောင်ကြီး ပြန်လည်ပြုပြင်မွမ်းမံရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားများအနေဖြင့် ကျောင်းပြုပြင်မွမ်းမံရေးအဖွဲ့ဝင်များဖြစ်သော ကျောင်းအုပ်ဆရာမကြီးဒေါ်လေးလေး ဖုန်း-၂၉၁၅၆၃၊ ဦးအန်နီဝါ ဖုန်း-၀၉-၈၉၂၇၆၅၈၊ ဦးခင်မောင်ဦး ဖုန်း-၂၀၀၉၂၀၊ ၂၀၀၆၁၄၊ ဦးအောင်မြင့်နှင့် ဖုန်း-၂၉၀၆၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်သစ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖရန်ဆွာဖီလွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရား ဝါဆိုသင်္ကန်းနှင့် လှူဒါန်းမှုရေစက်ချမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၉၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူရှင်များ၏ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဝါဆိုလပြည့်ကျော် ၃ ရက် (ဇူလိုင်၂၀ရက်)တနင်္ဂနွေနေ့ နံနက် ၁၀နာရီတွင် ဘုရားကြီးရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ လာရောက်ကြရန် ဂေါပကအဖွဲ့က နှိုးဆော်ဖိတ်ကြားထားသည်။ (က-ပ)

ဇူလိုင် ၁၃ ရက်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ဇေယျဝတီတိုင်း လေဘေးသင့်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် အလှူရှင် ဦးချမ်းသာ-ဒေါ်ဥမ္မာမြင့်(သုခစုစ် ပြည်ပအလုပ် အကိုင်ရှာဖွေရေးအေဂျင်စီ) ဝန်ထမ်းမိသားစုက ငွေကျပ် ၅၀၅၀၀၀၀ တန်ဖိုးရှိ ဗုဒ္ဓဘာသာကောင်းစာအုပ် အုပ်ရေ ၁၀၀၀၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း ပထမတွဲနှင့် ဒုတိယတွဲ အုပ်ရေ ၂၅၀ စီတို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ပြင်သစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘားနပ်ကုရှ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**(သတင်းစဉ်)**

ကျောင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဇူလိုင် ၁၃ ရက်က လသာမြို့နယ် အထက(၂) တွင် ဆရာမများနှင့် ကျောင်းသူများ သစ်ပင်စုပေါင်း စိုက်ပျိုးကြစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၂၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ်(၂၇)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ မိမိကိုယ်မိမိဝေဖန်ခြင်း(၃) **'ဦးထုပ်အနက်ဝှက်ထားခြင်း'** အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ဆိုမာလီပင်လယ်ဓားပြများ ဖမ်းထားသည့် မြန်မာသင်္ဘောသား ကိုးဦးပြန်လည်လွတ်မြောက်၊ စီးပွားရေးလုပ်ငန်းရှင် မောင်ဝိတ်အပါအဝင် အပေါင်းပါခုနစ်ဦးအား စိတ်ကြွဆေးပြားများအမှုနှင့် ပတ်သက်ပြီး စတင်တရားစွဲဆို၊ ကုန်သွယ်ရေးလမ်းကြောင်းသစ် ကုလားတန်မြစ်ဘက်စုံစီမံကိန်းအကောင်အထည်ဖော်ရန်စီစဉ်နေ၊ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရဘဲ စီးနင်းခဲ့သည့် ဆိုင်ကယ်အစီးရေ ၂၀၀၀ နီးပါး သိမ်းဆည်းအရေးယူခဲ့၊ မုန်တိုင်းကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး၊ ပျောက်ဆုံးခဲ့သူများကို အခမဲ့ပြုလုပ်ပေးနေ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သူများကို ပညာသင်ဆုပေးမည်၊ ဆောက်လုပ်ရေးလုပ်သား ၃၅၀ စင်ကာပူက တရားဝင်ခေါ်စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ **နာဂစ်ကပြတဲ့ ဓမ္မပုံရိပ်များ၊ ဆင်ခြင်မိသော အတွေးစတစ်မျှင်....** စသည့် မျက်မှောက်ရေးရာရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အီရန်ကိုဝင်တိုက်ရန် တာစူနေပြီလော၊ 'နှစ်ဖက်စလုံးဟာ မိုက်မဲမှုနယ်ပယ်ထဲမှာ ရှိနေကြတဲ့အတွက် ဘာမှပြောင်းလဲလာစရာတော့မရှိဘူး' ဂျာမနီဝန်ကြီးချုပ်ဟောင်း ဟဲမွတ်ရှမစ်နှင့်တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ ဇွန်း၊ ခက်ရင်းနှင့်အစားစားတတ်ပြီး ရေအိမ်လည်းသုံးတတ်သော ချင်ပန်ဇီမျောက်ပျောက်ဆုံး၊ အမေရိကန်အစိုးရဝန်ထမ်းများ ဥပဒေချိုးဖောက်၊ နာမည်ထင်ရှားကျော်ကြားသူတို့၏ ကိုယ်ရေးမှတ်တမ်းများခိုးကြည့်၊ တရုတ်(တိုင်ပေ)နှင့် တရုတ်အကြား တိုက်ရိုက်လေယာဉ်ပျံသန်းပြီ၊ ကန်စီးပွားရေးနေ့းကွေးသော်လည်း ကမ္ဘာအနှံ့ကွန်ပျူတာများအရောင်းသွက်၊ ဖိလစ်ပိုင်နှင့်ထိုင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုမည်၊ အင်ဒို-မလေး-ထိုင်းကုန်သွယ်မှုမြင့်မားရန် အာရှဖွံ့ဖြိုးရေးဘဏ်ကစီစဉ် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

မြင်းခြံ ဇူလိုင် ၁၃

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၂၁ ရက်က အေးမြသီတာဈေးတောင်ဘက် တမာတန်းလမ်း ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းကို ဦးမျိုးတင့်(သန့်ရှင်းရေးယာယီတာဝန်ခံ ဒုဦးစီးမှူး-ဈေး)က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နေပြည်တော်ပျဉ်းမနား မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ မဲဇလီပင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ပျဉ်းမနား တောင်ညိုကျေးရွာ၌ ကျင်းပသော ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်၍ မဲဇလီပင်ကိုစိုက်ပျိုးပေးပြီး**(အောက်ပုံ)** တက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ကွက်ကေ ၁၀ကေ၌ အရိပ်ရလေကာပင်ဖြစ်သည့် မဲဇလီပင် ၃၀၀၀ စိုက်ပျိုးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူအင်အား ၇၀၀ခန့် တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် နေပြည်တော်ပျဉ်းမနားခရိုင် သစ်တောဦးစီးဌာနက မအူလေးပင်ကျေးရွာအနောက်ဘက် တောင်ညိုကြိုးဝိုင်း အကွက်အမှတ် ၅၈/၅၉ ၌ စိုက်ပျိုးထားသော သီးခြားကျွန်းစိုက်ခင်း ၇၀၅ ဧက၊ စိုက်ပျိုးပင်ပေါင်း ၃၈၀၇၀၀ ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၄ လမ်း အမှတ် ၁၀၆/၁၀၈ နေ ဦးတင်စိန် - ဒေါ်ခင်အောင်၊ သားသမီး၊ မြေးများ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်းမင်း ကွန်း တိပိဋက ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ခြောက် ထပ်ကျောင်း တော်ကြီး အတွက် အလှူငွေ ကျပ် နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက် ပြည်ပမှမှာယူတင်သွင်းသောပစ္စည်းများ အချိန်မီရောက်ရှိရေး ကြိုးပမ်း

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေအားလျှပ်စစ်စီမံကိန်းများ စစ်ဆေးမှာကြား

နေပြည်တော် ဇူလိုင် ၁၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဇူလိုင် ၁၁ရက်က တောင်ငူမြို့ အရှေ့ဘက် ၁၂မိုင်အကွာ၌ တည်ဆောက်လျက်ရှိသော သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းတာဝန်ခံက စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ၊ ရေလွှဲဥမင်လိုဏ် အဝင်ပိုင်းနှင့် အထွက်ပိုင်း တူးဖော်နေမှုတို့ကို ရှင်းလင်းတင်ပြကာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလက်ဝဲဘက်ကမ်းတွင် မြေကြီး ကျောက်သားတူးဖော်ပြီးစီးမှုအခြေအနေ၊ ရေလွှဲဥမင်လိုဏ်အထွက်ပိုင်းတူးဖော်ရန် ဆောင်ရွက်နေမှုနှင့် Shotcrede လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် အဝင်ပိုင်း တူးဖော်နေမှုနှင့် မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူတို့အား မှာကြားသည်။ အဆိုပါ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၂၀မှ နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၆၂၉ ဒသမ ၈သန်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ဖြူးချောင်းရေအားလျှပ်စစ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ဖြူးမြို့အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် အမှတ်(၃)တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ဖြူးချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ညွှန်ကြားရေးမှူး ဦးမော်သာထွေးက ရေယူအဆောက်အအုံလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ရေထိန်းတံခါးပြွန်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေသွယ်ဥမင်လိုဏ်တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်ရန် လျာထားမှုတို့ကို ရှင်းလင်း တင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြား၍ ရှုရပ်မှ Tunnel Outlet တည်ဆောက် ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မီတာ ၂၁၀ တူးဖော်ပြီးစီးနေပြီဖြစ်သော ရေလွှဲဥမင်လိုဏ်အထွက်ပိုင်းတစ်လျှောက်နှင့် ဆက်လက်တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားကာ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ၂၀၈မီတာ တူးဖော်ပြီးစီးနေပြီဖြစ်သော ရေလွှဲဥမင်လိုဏ်အဝင်ပိုင်းကို ကွန်ကရစ်လိုင်နင် သွန်းလောင်းပြီးစီးမှုနှင့် ဥမင်လိုဏ်ဆက်လက်တူးဖော်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သော ရေထိန်းတံခါးပြွန်လုပ်ငန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။ ယခုအခါ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၃၈ဒသမ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

တက်ညီလက်ညီကြိုးပမ်း

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးသည် စီမံကိန်းမှ တာဝန်ရှိသူများအား သတ်မှတ်ပေးထားသော ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရေး၊ ပြည်ပမှ မှာယူတင်သွင်းထားသောပစ္စည်းများ အချိန်မီရောက်ရှိရေး၊ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပြီး အလေအလွင့်နည်းပါးရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထုတ်လုပ်ပေး

အဆိုပါ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက စက်တပ်ဆင် အင်အား မဂ္ဂါဝပ်၄၀မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မပိမာန် ဓမ္မာစရိယသင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

ဓမ္မပိမာန်ဆရာတော် ဘဒ္ဒန္တသာသနဝရ၏ ဦးဆောင်မှုဖြင့် ဓမ္မာစရိယသင်တန်းကို ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အဘယာရာမတိုက်၊ စိန်ရတနာကျောင်းတွင် ဓမ္မပိမာန်ဆရာတော် ဘဒ္ဒန္တသာသနဝရ (ဓမ္မာစရိယ၊ M.A) (သီရိလင်္ကာ)က ပါရာဇိကဏ်၊ အဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာတို့ကိုလည်းကောင်း၊ ဆရာဦးထွန်းဦး (မဟာဓမ္မာစရိယ၊ M.A ပါဠိ ပါရဂူ၊ ပိဋကတ္တယပါရဂူက သီလက္ခန် အဋ္ဌကထာကိုလည်းကောင်း ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၄ ရက် (ဇူလိုင် ၂၁ရက်) မွန်းလွဲ၁နာရီမှစ၍ ဓမ္မဒါနအဖြစ် သင်ကြားပို့ချပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းတက်ရောက်လိုသူများသည် ဓမ္မပိမာန် အမှတ် ၆၀၆ ဒုတိယထပ် ၅ လမ်းနှင့် ၆ လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၁၁၃၅၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) (၃၄)ရပ်ကွက် သန္တာ ၂ လမ်းနေ ဦးအေး-ဒေါ်ကျင်နု၊ သား မောင်အေးသိန်းတို့အားရည်စူး၍ သားသမီး၊ မြေးမြစ်များက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်နှင့် စောင့်ရှောက်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

NEC Notebook & Personal Computer များအတွက် မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်နှင့် Service Provider အဖြစ် တရားဝင်ခန့်အပ်ခြင်း အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ဂျပန်နိုင်ငံ၏ နံပါတ်တစ်အရောင်းရဆုံးဖြစ်သည့် NEC ကွန်ပျူတာများအား မြန်မာနိုင်ငံ ဈေးကွက်တွင် ဖြန့်ချိရန်အတွက်KMD Group of Companiesသို့ တစ်ဦးတည်းကိုယ်စားလှယ်နှင့် Service Provider အဖြစ် တရားဝင်ခန့်အပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၁ရက်ညနေ၆နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ KMD Group of Companies မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးသောင်းတင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Mr. Kiyotaka Matsubara (President of NEC Asia Pacific)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် လေမုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုရန် NEC Asia Pacific မှ ကွန်ပျူတာသုံးစုံနှင့် KMD Group of Companies မှ ပရင်တာနှစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်ကလက်ခံသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍NEC Computers Asia Pacific မှ KMD Sales & ServiceCentreအား NEC VERSA Notebook,PowermateDesktop ကွန်ပျူတာများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအတွက် မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ NEC ကွန်ပျူတာများအတွက် NEC မှ သတ်မှတ်ထားသောအရည်အသွေး သတ်မှတ်ချက် စံနှုန်းအတိုင်း ဝန်ဆောင်မှု ပေးမည့် အသိအမှတ်ပြု Service Providerအဖြစ် လည်းကောင်း တရားဝင် ခန့်အပ်လွှာကို ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်ဦးသောင်းတင်ထံ ပေးအပ်သည်။ထို့နောက်KMDမှ ဝန်ထမ်းနှစ်ဦးအား NEC မှ ကျွမ်းကျင်အတတ် ပညာရှင်အဖြစ် အသိအမှတ်ပြုလွှာများကို တာဝန်ရှိ သူတစ်ဦးက ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

KMD Computer Sales & Service Centre မှ NEC ၏နောက်ဆုံးပေါ် VERSA Notebook နှင့် Powermate Desktop များကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် တစ်ပြိုင်တည်းရောင်းချသွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက KMD Computer Sales & Service Centre အမှတ် ၅၅၀-၅၅၂ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၄၀၇၁၊ ၃၈၄၁၀၉၊၂၄၅၁၈၀၊ KMD Computer Sales & Service Centre(ပြည်လမ်း) အမှတ်-၃၃၁ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန် ဖုန်း - ၅၀၂၂၄၄၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂ နှင့် KMD Sales Centre (Mandalay) အမှတ် (၁၀၃/၁) ၇၇လမ်း ၂၇လမ်းနှင့် ၂၈လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၆၀၂၃၉၊ ၆၀၃၆၀ တို့တွင်ဆက်သွယ် ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

14-7 (07).pmd 1 7/14/2008, 2:41 AM

မုန်တိုင်းသင့်ဒေသများပြန်လည်ထူထောင်တည်ဆောက်ရေးအတွက် ကူညီထောက်ပံ့လှူဒါန်းကြရာတွင် ....

သတင်းဆောင်းပါး - ကျော်စွာငယ်

၂၀၀၈ခုနှစ် မေလဆန်းက တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်အချို့၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မုန်တိုင်း တိုက်ခတ်ခဲ့သည့် မေလ ၃ရက်နေ့ကပင် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် မုန်တိုင်းဒဏ်ခံရသည့်ဒေသများ၌အနီးကပ်သွားရောက်ကြီးကြပ်ပြီး တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့်အတူ နေ့မအား ညမနား အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့ကိုယ်တိုင် အောက်ခြေသို့ကွင်းဆင်း၍ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးရင်း လုပ်ငန်းလိုအပ်ချက်များကို အနီးကပ် လမ်းညွှန်မှုပေးခဲ့သည်။ ထို့ကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင် ခရီးရောက်ခဲ့သည်။ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်ခံရသည့် လေဘေးသင့်ပြည်သူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်က အမျိုးသားအဆင့် သတ်မှတ်၍ စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

မုန်တိုင်းသင့်ဒေသများနှင့် ပြည်သူများအတွက် နိုင်ငံတော်အပိုင်းမှ ငွေကျပ် ဘီလီယံပေါင်းများစွာ ကျခံသုံးစွဲပံ့ပိုးပေးလျက်ရှိသည့်အပြင် ဌာနဆိုင်ရာများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ရဟန်းရှင်လူ ပြည်သူများ အားလုံးကလည်း စေတနာသဒ္ဓါတရားထက်သန်စွာ အားတက်သရော ပံ့ပိုးကူညီလှူဒါန်းလျက်ရှိသည်။

အလားတူ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ INGO နှင့် NGO အဖွဲ့အစည်းများကလည်း ကယ်ဆယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည်များကို လူသားချင်းစာနာထောက်ထားမှုဖြင့် အဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိသည်။

ထို့အပြင် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကို မေလ ၂၅ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီးဖြစ်ရာ အလှူရှင်နိုင်ငံများအနေဖြင့် ကတိကဝတ်များနှင့်အညီ မုန်တိုင်းသင့်ပြည်သူများအတွက် အကူအညီ အထောက်အပံ့များကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိကြသည်။

ယင်းသို့ လှူဒါန်းလျက်ရှိရာတွင် မေ ၆ရက်မှ ဇွန် ၂၈ရက်အထိ ပြည်တွင်း၊ပြည်ပမှ ထောက်ပံ့လှူဒါန်းရရှိမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ယခုအခါ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ စေတနာရှင် အလှူရှင်များ၏ အားတက်သရော လှူဒါန်းပံ့ပိုးကူညီမှုများကြောင့်လည်းကောင်း၊ မုန်တိုင်းသင့်ဒေသ၊ မုန်တိုင်းသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်နင်းစွာ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းစဉ်များသို့ ကူးပြောင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

မုန်တိုင်းသင့်ပြည်သူများ မိမိတို့နေရင်းဒေသများ၌ ပြန်လည် အခြေစိုက်နေထိုင်နိုင်ရေးအတွက် ပျက်စီးသွားသည့်ကျေးရွာများ ပြန်လည်တည်ဆောက်ရေး၊ ယာယီလူနေအဆောက်အအုံများဖြင့် ဒေသခံများ ပြန်လည်နေထိုင်နိုင်ရေး၊ လမ်းတံတား ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ကောင်းမွန်ရေး၊ ကျေးရွာအုပ်စုအလိုက် ယာယီကျန်းမာရေးစခန်းများ ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး စသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်ပိုင်းက ဦးဆောင်စီမံ၊ ကြီးကြပ်ပံ့ပိုးမှုများအပြင် စေတနာရှင်ပြည်သူများ၏ ပံ့ပိုးလှူဒါန်းမှုအား၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုအား၊ နိုင်ငံတကာ အလှူရှင်များ၏ လှူဒါန်းမှုအားများကို စုစည်းပေါင်းစပ်လျက် အချိန်တိုအတွင်း ရုပ်လုံးပေါ် ထိရောက်အောင်မြင်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ မူလနေထိုင်လုပ်ကိုင်ခဲ့သည့် အခြေအနေထက် သာလွန်ကောင်းမွန် တိုးတက်စေရမည်ဟူသည့် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် မိသားစုများအတွက် ၁၆ပေ×ပေ၂၀အကျယ်၊ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ/ ထရံကာ အခိုင်အမာလူနေအိမ်များကို အသစ်တည်ဆောက်၍ စနစ်တကျ ပြန်လည်နေရာချထားပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့စီမံမှုဖြင့် အလှူရှင်ကုမ္ပဏီများက လေဘေးသင့်ဒေသအသီးသီး၌ အခိုင်အမာနေအိမ်အလုံး ထောင်နှင့်ချီ၍ ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်သည့်အပြင် ဆက်လက်၍လည်း အချိန်တိုအတွင်း အမြန်ဆုံးပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ ထို့အပြင် လေဒဏ်၊ ရေဒဏ်ကင်းဝေးသော နေရာများ၌ မြို့သစ်များတည်ပြီး အိမ်ခြေတစ်ထောင်ခန့်စီပါဝင်သော အခိုင်အမာနေအိမ်များ ထပ်မံတည်ဆောက်ပေးရန်ရှိကြောင်း သိရှိရပါသည်။

လေဘေးသင့်ဒေသများ၌ ရင်သွေးငယ်များ အရှိန်အဟုန်မပျက် ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများအားလုံးကို ယခုနှစ် ဇွန်လ

ပြည်တွင်းမှ ထောက်ပံ့လှူဒါန်းမှုအခြေအနေ

အလှူရှင်	ကယ်ဆယ်ရေး		ပြန်လည်ထူထောင်တည်ဆောက်ရေး	
	ကယ်ဆယ်ရေးပစ္စည်း (တန်)	စားသောက်ကုန်/ ဆေးဝါး ပစ္စည်း(တန်)	ဆောက်လုပ်ရေး ပစ္စည်း(တန်)	အသက်မွေးဝမ်းကျောင်း ပစ္စည်းများ(အရေအတွက်)
နိုင်ငံတော်၊ အဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူများ	၂၉၁၁.၂၉	၁၄၄၁.၄၁	၃၀၈.၁၄	လှေအစင်း-၉၀၆၇ ထွန်စက်အမျိုးမျိုး စုစုပေါင်း-၆၇၀၈ စီး မျိုးစပါး-၁၂၈၁၈၇၄တင်း ကျွဲနွား-၁၆၅၅ ကောင် ငါးဖမ်းပိုက်-၃၂၃၇ ခု

ပြည်ပမှ ထောက်ပံ့လှူဒါန်းမှုအခြေအနေ

အလှူရှင် နိုင်ငံနှင့် အဖွဲ့အစည်း	ကယ်ဆယ်ရေး		ပြန်လည်ထူထောင်တည်ဆောက်ရေး	
	ကယ်ဆယ်ရေးပစ္စည်း (တန်)	စားသောက်ကုန်/ ဆေးဝါး ပစ္စည်း(တန်)	ဆောက်လုပ်ရေး ပစ္စည်း(တန်)	အသက်မွေးဝမ်းကျောင်း ပစ္စည်းများ(တန်)
နိုင်ငံ(၃၁)နိုင်ငံ အဖွဲ့အစည်း (၁၉)ခုနှင့် စေတနာရှင်များ	၅၈၁၄.၀၄၆	၂၃၈၈.၁၅၄	၁၇၃.၂၉	၃၂.၇၇

(ပြည်ပလှူဒါန်းမှုပစ္စည်း ခန့်မှန်းတန်ချိန် စုစုပေါင်း- ၈၄၀၈.၂၆ တန်)

အဆိုပါ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းမှုတို့ကို ခြုံငုံသုံးသပ်ကြည့်ပါက ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်၊ ဆေးဝါးပစ္စည်းများသာ အများဆုံး လက်ခံရရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် သွပ်၊ သံ၊ ဘိလပ်မြေ၊ သစ်၊ သံချောင်းလုံး စသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ရေစုပ်စက်၊ မီးစက်၊ စက်သုံးဆီ၊ ငါးဖမ်းလှေ/စက်၊ ငါးဖမ်းပိုက်စသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပစ္စည်းများ ကူညီထောက်ပံ့လှူဒါန်းမှုမှာ လွန်စွာနည်းပါးနေသေးကြောင်း တွေ့ရှိရသည်။

မကုန်မီ အပြီးဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အပြင် ယခင်က အချို့ကျေးရွာများ၌ ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး တွဲဖက်ကျောင်းများကိုလည်း နိုင်ငံတော်က တာဝန်ယူသည့် အခြေခံပညာကျောင်းများအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျောင်းများဖွင့်လှစ်ပေးနိုင်ခြင်းနှင့်အတူ ကျောင်းသုံးစာအုပ်များကိုလည်း ကျောင်းသားတိုင်းလက်ဝယ်အရောက် အလုံအလောက် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်၍လည်း မူလနေရပ်ပြန်သူများအနေဖြင့် လယ်ယာမြေများ ထွန်ယက်စိုက်ပျိုးနိုင်ရန် ဒေသအလိုက် ထွန်စက်စခန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် လက်တွန်းထွန်စက်များနှင့် စက်သုံးဆီများကိုလည်း အချိန်မီ အလုံအလောက် ပံ့ပိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည်တို့ကိုလည်း လက်ငင်းငွေချေရန်မလိုဘဲ စာရင်းမှတ်စနစ်ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။ စိုက်ပျိုးလုပ်ကိုင်မည့် လယ်ဧကအလိုက် စိုက်ပျိုးစရိတ် ချေးငွေများကိုလည်း စာရင်းမှတ်စနစ်ဖြင့် သက်ဆိုင်ရာက ထုတ်ချေးပေးလျက်ရှိပါသည်။

အလားတူ ရေလုပ်ငန်းသမားများအတွက် နစ်မြုပ်ပျက်စီးသွားသည့် ငါးဖမ်းလှေများ ပြန်လည် ဆယ်ယူရေး၊ ပြန်လည်ပြုပြင်ရေးအတွက် သက်ဆိုင်ရာက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ငါးဖမ်းလှေငယ်များ၊ စက်တပ်ငါးဖမ်းလှေများ၊ အင်ဂျင်စက်များ၊ ငါးဖမ်းပိုက်များ၊ ဆက်စပ်ပစ္စည်းများ၊ စက်သုံးဆီများကိုလည်း ပံ့ပိုးထူထောင် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဆားလုပ်ငန်းသမားများအတွက် ဆားကွင်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ရေနံတားတမံများ အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးလျက်ရှိသည့်အပြင် လုပ်ငန်းအတွက်လိုအပ်သည့် အဆောက်အအုံနှင့် ပစ္စည်းများ ပြန်လည် မတည်နိုင်ရန် ငွေကြေးထောက်ပံ့မှုအစီအမံများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဤကဲ့သို့ နိုင်ငံတော်နှင့် ပြည်တွင်းပြည်ပ အလှူရှင်များ၏ ပံ့ပိုးလှူဒါန်း ကူညီဆောင်ရွက်ပေးမှုများကြောင့် လေဘေးသင့်ပြည်သူများအနေဖြင့် စိုက်မည့်သူကလည်း အချိန်မီ စတင်ထွန်ယက်စိုက်ပျိုးနိုင်ကြပြီဖြစ်သကဲ့သို့ ငါးဖမ်းမည့်သူကလည်း ငါးဖမ်းလှေငယ်များ၊ စက်တပ်ငါးဖမ်းလှေကြီးများဖြင့် ငါးဖမ်းလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်ရာ လေဘေးသင့်ဒေသများသည် ယခင်ကထက်ပင် ပိုမိုအသက်ဝင်လှုပ်ရှားလျက် အားမာန်နိုးကြား တက်ကြွဖွယ်မြင်ကွင်းများဖြင့် အောင်မြင်သော အနာဂတ်ဆီသို့ ချီတက်နေကြပြီဖြစ်ပါသည်။ နိုင်ငံတော်ပိုင်းအနေဖြင့် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများအတွက်သာမက ကုန်သည်၊ ဈေးသည်များ အတွက်ပါ စာရင်းမှတ်စနစ်ဖြင့် မတည်ငွေများ ထုတ်ပေးလျက်ရှိရာ ဈေးဆိုင်ဖွင့်ရောင်းချသူများအတွက် ကျပ်ငါးသိန်းမှ ၁၅သိန်းအထိ လည်းကောင်း၊ ဆန်ရောင်းချသူများအတွက် ကျပ် ၁၅သိန်းအထိလည်းကောင်း မတည်ငွေများကို စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးပြီး လုပ်ငန်းများ အချိန်တိုအတွင်း ပြန်လည်ထူထောင် ဖွံ့ဖြိုးလာအောင် တွန်းအားပေး ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်ကလည်း စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ ရုံး/ဌာနများအား ပြန်လည်တည်ဆောက်ရာတွင် မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံများအဖြစ် အခိုင်အခံ့တည်ဆောက်ပေးပြီး သာမန်အချိန်တွင် သက်ဆိုင်ရာလုပ်ငန်းများအတွက် အသုံးပြုစေလျက် လေပြင်းမုန်တိုင်းနှင့် ဒီရေလှိုင်းများမြင့်တက်ချိန်တွင် ဒေသခံပြည်သူများအတွက် လေပြင်းမုန်တိုင်းဒဏ်၊ ဒီရေလှိုင်းကြီးများ၏ဒဏ်မှ ခိုလှုံရာနေရာ၊ အကာအကွယ်ယူရန် နေရာများအဖြစ် အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲ တည်ဆောက်ပေးလျက်ရှိပါသည်။

ထို့အပြင် မြစ်ဝကျွန်းပေါ်၊ ပင်လယ်ပိုင်း ဒေသများအတွက် အဓိကကွန်ရက်လမ်းမကြီးငါးခု စီမံကိန်းကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ ယခု မိုးရာသီအတွင်း မြေသားလမ်းအဆင့်ပြီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လမ်းကွန်ရက်စီမံကိန်းများမှာ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည့်အပြင်မုန်တိုင်းဒဏ်နှင့် ဒီရေလှိုင်းဒဏ်ကာကွယ်ရေးအတွက်လည်း အစီအမံများပါရှိပါသည်။ အဆိုပါလမ်းမများကို အခြားနေရာများတွင် သာမန်လမ်းအမြင့်ဖြင့် ဖောက်လုပ်သွားမည်ဖြစ်သော်လည်း ရွာနှင့်နီးသည့် လမ်းအပိုင်းများကို ပေ ၂၀၊ ၃၀အမြင့်အထိ မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ရာ သဘာဝဘေးကျရောက်ချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ၎င်းလမ်းမကုန်းမြင့်များပေါ်တွင် ပင်လယ်ဒီရေလှိုင်းကြီးများ၏ ဘေးမှကင်းလွတ်အောင် ခိုလှုံရန်နေရာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် နောင်ကာလများ၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရေးအတွက် ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤကြိုးပမ်း စွမ်းဆောင်ချက်များကို သုံးသပ်ကြည့်ပါက နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အပြိုင် တစ်ချိန်တည်းမှာပင် ရေရှည်တွင် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေးအပိုင်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိအခြေအနေတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ရေရှည်အတွက် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းစဉ်များက ပိုမိုရှေ့တန်းရောက်လာပြီဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ လက်ရှိအခြေအနေတွင် မုန်တိုင်းသင့်ဒေသနှင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်၊ ဆေးဝါးပစ္စည်းများထက် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ရေရှည်ကာကွယ်ရေးလုပ်ငန်းများအတွက် ပစ္စည်းများသာ ပိုမိုလိုအပ်နေကြောင်း သိရှိရသည်။

ပြန်လည်ထူထောင်ရေးအပိုင်း၌ လေဘေးသင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကျွဲ၊ နွား၊ ထွန်စက်ငယ်၊ လက်တွန်းထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ရေစုပ်စက်၊ မီးစက်၊ စက်သုံးဆီ၊ ငါးဖမ်းလှေ၊ ဒီဇယ်အင်ဂျင်၊ ငါးဖမ်းပိုက်၊ ရေလုပ်ငန်းသုံးကိရိယာများ၊ ဆားဖိုလုပ်ငန်းသုံး အဆောက်အအုံနှင့် ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်လျက်ရှိသည်။ တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း သွပ်၊ သံ၊ ဘိလပ်မြေ၊ သစ်၊ ဝါး၊ သံချောင်းလုံးစသည့် ဆောက်လုပ်ရေးပစ္စည်းများ များစွာလိုအပ်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ မုန်တိုင်းသင့်ပြည်သူများအား ကူညီထောက်ပံ့လှူဒါန်းကြရာတွင် လက်ရှိအခြေအနေ၌ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးကာလဖြစ်သည့်အားလျော်စွာ အထက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသုံးပစ္စည်းများကို ပိုမိုဦးစားပေးထောက်ပံ့ကူညီလှူဒါန်းကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံ...

စဉ်	နိုင်ငံ အဖွဲ့အစည်း	ကယ်... ပစ္စည်...
၁	ထိုင်း	
၂	အိန္ဒိယ	
၃	တရုတ်	
၄	အင်ဒိုနီးရှား	
၅	စင်ကာပူ	
၆	လာအို	
၇	ကမ္ဘောဒီးယား	
၈	မလေးရှား	
၉	ဖိလစ်ပိုင်	
၁၀	ဘင်္ဂလားဒေ့ရှ်	
၁၁	တောင်ကိုရီးယား	
၁၂	ရုရှား	
၁၃	ပါကစ္စတန်	
၁၄	ဂျပန်	
၁၅	ယူကရိန်း	
၁၆	သီရိလင်္ကာ	
၁၇	ကာဇက်စတန်	
၁၈	ယူအေအီး	
၁၉	ဂရိ	
၂၀	**အမေရိကန်**	
၂၁	အီတလီ	
၂၂	ဩစတြေးလျ	
၂၃	ဆွီဒင်	
၂၄	**ဗြိတိန်**	
၂၅	စကော့တလန်	
၂၆	ဂျာမနီ	
၂၇	ဆော်ဒီအာရေဗျ	
၂၈	ကနေဒါ	
၂၉	တရုတ် (တိုင်ပေ)	
၃၀	ကင်ညာ	
၃၁	ဒူဘိုင်း	
၃၂	ဆွစ်ဇာလန်	
၃၃	**WFP**	
၃၄	ICRC	
၃၅	MSF	
၃၆	JUDSON	
၃၇	UNHCR	
၃၈	UNICEF	
၃၉	IFRC	
၄၀	JICA	
၄၁	DFIT	
၄၂	ကမ္ဘာ့ဆရာဝန်များ	
၄၃	စပိန်(ကြက်ခြေနီ)	
၄၄	နယ်သာလန်(ကြက်ခြေနီ)	
၄၅	ဟော်လန်(နယ်စည်းမခြား)	
၄၆	ဗြိတိန်(နယ်စည်းမခြား)	
၄၇	ပြင်သစ်(နယ်စည်းမခြား)	
၄၈	ဘယ်လာရုစ်(နယ်စည်းမခြား)	
၄၉	ဆွစ်ဇာလန်(နယ်စည်းမခြား)	
၅၀	အိန္ဒိယ(နယ်စည်းမခြား)	
၅၁	အင်ဒိုနီးရှား(နယ်စည်းမခြား)	

- နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများရရှိမှု... နေသည်ကို တွေ့ရှိရပါသည်။
- ယခုကာလသည် မုန်တိုင်းသင့်ဒေသများအ... နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်ထူထေ...
- လက်ရှိအခြေအနေ၌ ပြန်လည်ထူထောင်တ... သံချောင်းလုံးများနှင့် အသက်မွေးဝမ်းကျော... ငါးဖမ်းပိုက်များကို ပိုမိုဦးစားပေး ထောက်...

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများရရှိမှုအခြေအနေ
၆-၅-၂၀၀၈မှ ၂၈-၆-၂၀၀၈အထိ

စဉ်	နိုင်ငံ အဖွဲ့အစည်း	ကယ်ဆယ်ရေး		ပြန်လည်ထူထောင် တည်ဆောက်ရေး		စုစုပေါင်း (တန်ချိန်)
		ကယ်ဆယ်ရေး ပစ္စည်း(တန်ချိန်)	စားသောက်ကုန်၊ ဆေးဝါး(တန်ချိန်)	ဆောက်လုပ်ရေး ပစ္စည်း(တန်ချိန်)	အသက်မွေးဝမ်းကျောင်း ပစ္စည်း(တန်ချိန်)	
၁	ထိုင်း	၂၇၂·၆၅၅	၂၉၂·၉၆၇	-	-	၅၆၅·၆၂၂
၂	အိန္ဒိယ	၁၀၇·၁၄၈	၁၁၈·၄၂၅	-	-	၂၂၅·၅၇၃
၃	တရုတ်	၁၂၅·၇၄	၁၁၄·၅၆၈	-	-	၂၄၀·၃၀၈
၄	အင်ဒိုနီးရှား	၁၈·၅	၂၈·၉၂၃	၁၈·၂၉	-	၆၅·၇၁၃
၅	စင်ကာပူ	၁၁·၃၀၈	၄၆·၁၈၆	-	-	၅၇·၄၉၄
၆	လာအို	၂·၅	၁၄·၆၅၄	-	-	၁၇·၁၅၄
၇	ကမ္ဘောဒီးယား	၁၆·၄	-	-	-	၁၆·၄
၈	မလေးရှား	၁၅·၃	၁၁·၈၉	၁၅	-	၄၂·၁၉
၉	ဖိလစ်ပိုင်	-	၉·၃၄	-	-	၉·၃၄
၁၀	ဘင်္ဂလားဒေ့ရှ်	-	၂၂·၅	-	-	၂၂·၅
၁၁	တောင်ကိုရီးယား	၁၅·၉၅	၄၇·၇၆၇	-	-	၆၃·၇၁၇
၁၂	ရုရှား	၃၃	၆၉·၉	၅·၇၅	-	၁၀၈·၆၅
၁၃	ပါကစ္စတန်	၂၂·၄	၁၁၅	-	-	၁၃၇·၄
၁၄	ဂျပန်	၃၁·၈၇	၃·၅၇	-	-	၃၅·၄၄
၁၅	ယူကရိန်း	၅၉·၆၁၇	-	၅·၅	-	၆၅·၁၁၇
၁၆	သီရိလင်္ကာ	-	၁၄·၉	-	-	၁၄·၉
၁၇	ကာဇက်စတန်	-	၄၀	-	-	၄၀
၁၈	ယူအေအီး	၄၁·၇၇၄	၃၆·၃၂၅	၆၁·၅	-	၁၃၉·၅၉၉
၁၉	ဂရိ	၁၃·၁၈	၁၁·၆	-	-	၂၄·၇၈
၂၀	**အမေရိကန်**	**၁၀၃၆·၉၂၈**	**၄၁၇·၀၂၈**	**၁၆·၇**	**၃၂·၇၇** (ကျွဲနွားအစာ)	**၁၅၀၃·၄၃**
၂၁	အီတလီ	၂၇	၂·၆	-	-	၂၉·၆
၂၂	ဩစတြေးလျ	၃၂	-	-	-	၃၂
၂၃	ဆွီဒင်	၂၆·၃၄၉	-	-	-	၂၆·၃၄၉
၂၄	**ဗြိတိန်**	**၃၃၅·၆၉၉**	**၂၇·၇၃၂**	**-**	**-**	**၃၆၃·၄၃၁**
၂၅	စကော့တလန်	၅၅	-	-	-	၅၅
၂၆	ဂျာမနီ	၈၆·၀၄၉	-	-	-	၈၆·၀၄၉
၂၇	ဆော်ဒီအာရေဗျ	၇၄·၇၄	၂၉၁·၅၅၇	-	-	၃၆၆·၂၉၇
၂၈	ကနေဒါ	၁၅·၇	-	-	-	၁၅·၇
၂၉	တရုတ် (တိုင်ပေ)	-	၃	-	-	၃
၃၀	ကင်ညာ	၃၉·၉	-	-	-	၃၉·၉
၃၁	ဒူဘိုင်း	၅၂·၄	-	-	-	၅၂·၄
၃၂	ဆွစ်ဇာလန်	၆·၇၆၉	-	-	-	၆·၇၆၉
၃၃	**WFP**	**၁၃၃၁·၃၁၉**	**၁၁၄·၂၉၇**	**-**	**-**	**၁၆၄၅·၆၂**
၃၄	ICRC	၅၁·၃၁၆	-	-	-	၅၁·၃၁၆
၃၅	MSF	၇၅·၆၉၂	၆၀·၆၇၉	-	-	၁၃၆·၃၇၁
၃၆	JUDSON	၁၁·၈၂၈	-	-	-	၁၁·၈၂၈
၃၇	UNHCR	၃၆၀·၂၀၇	-	-	-	၃၆၀·၂၀၇
၃၈	UNICEF	၇၄	၁၁၁·၁၈၂	-	-	၁၈၅·၁၈၂
၃၉	IFRC	၆၀၃·၃၃၅	၁၉·၃၁	၂၀·၅၅	-	၆၄၃·၁၉၅
၄၀	JICA	၂၇·၈၇	-	-	-	၂၇·၈၇
၄၁	DFIT	၂၈၁·၈၆	-	-	-	၂၈၁·၈၆
၄၂	ကမ္ဘာ့ဆရာဝန်များ	-	၃၄·၅၅၅	-	-	၃၄·၅၅၅
၄၃	စပိန်(ကြက်ခြေနီ)	၄၄·၅၆၆	-	-	-	၄၄·၅၆၆
၄၄	နယ်သာလန်(ကြက်ခြေနီ)	-	၁·၅၂	-	-	၁·၅၂
၄၅	ပော်လန်(နယ်စည်းမခြား)	၁၀၇·၅၉	-	-	-	၁၀၇·၅၉
၄၆	ဗြိတိန်(နယ်စည်းမခြား)	၇၇·၁	-	-	-	၇၇·၁
၄၇	ပြင်သစ်(နယ်စည်းမခြား)	၁၂·၅၉	၄·၅	၃၀	-	၄၇·၀၉
၄၈	ဘယ်လာရုစ်(နယ်စည်းမခြား)	-	၃၅·၅	-	-	၃၅·၅
၄၉	ဆွစ်ဇာလန်(နယ်စည်းမခြား)	၁၀၆·၇၇၇	၆၆·၁၇၉	-	-	၁၇၂·၉၅၆
၅၀	အိန္ဒိယ(နယ်စည်းမခြား)	၃၄·၇	-	-	-	၃၄·၇
၅၁	အင်ဒိုနီးရှား(နယ်စည်းမခြား)	၃၇·၄၂	-	-	-	၃၇·၄၂
		၅၈၁၄·၀၄၆	၂၃၈၈·၁၅၄	၁၇၃·၂၉	၃၂·၇၇	၈၄၀၈·၂၆

- နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများရရှိမှုမှာ ကယ်ဆယ်ရေးကာလ၌ လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ များစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။
- ယခုကာလသည် မုန်တိုင်းသင့်ဒေသများအတွက် ကယ်ဆယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်နင်းစွာ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းစဉ်များသို့ ကူးပြောင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။
- လက်ရှိအခြေအနေ၌ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေ၊ သစ်၊ သံချောင်းလုံးများနှင့် အသက်မွေးဝမ်းကျောင်းပစ္စည်းများဖြစ်သည့် ထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ရေစုပ်စက်၊ မီးစက်၊ စက်သုံးဆီ၊ ငါးဖမ်းလှေ/စက်၊ ငါးဖမ်းပိုက်များကို ပိုမိုဦးစားပေး ထောက်ပံ့လှူဒါန်းကြရန် လိုအပ်လျက်ရှိပါသည်။ ။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၃

ကျိုက်မရောအသင်း (ရန်ကုန်)

ကျိုက်မရောအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မွန်ပရိယတ္တိစာသင်တိုက် (ဗိုလ်တထောင်)ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များနှင့် ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူရှင် အသင်းသား အသင်းသူများသည် နာယက ဗိုလ်မှူးကြီးသာအောင်(ငြိမ်း) ဖုန်း-၀၉-၅၁-၉၃၂၀၅၊ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင်(ငြိမ်း) ဖုန်း-၀၉-၅၀၁၇၅၀၁၊ အတွင်းရေးမှူး ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း) ဖုန်း-၅၅၅၆၅၁နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်အောင် ဖုန်း-၀၉-၅၁-၀၀၂၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)

တိပိဋကဓရ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလအား အမှူးထား၍ ရန်ကုန်မြို့ရောက် ရမ်းဗြဲမြို့နယ်ဇာတိဖွား ကျောင်းတိုက်ကြီးများမှ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများအား ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားသည်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ လာရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်းနှင့် သင်္ကန်းနှင့်အလှူငွေများကို ဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန်းနိုင် ဖုန်း-၀၉-၉၉-၂၄၃၆၃၊ ဦးဦးသာရွှေ ဖုန်း-၀၉-၅၁၆၅၈၆၀၊ ဦးဘိုးတင် ဖုန်း-၀၉-၅၀၀၆၉၂၆၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄နှင့် နီးစပ်ရာအမှုဆောင်များသို့ ကြိုတင်အကြောင်းကြားပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယအရှေ့ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း နှစ်ဦးသေဆုံး၊ နေအိမ်များရေနစ်မြုပ်

နယူးဒေလီ ဇူလိုင် ၁၃

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ပက်နာမြို့တွင် ဇူလိုင်၁၃ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း **(အပေါ်ပုံ)** အိန္ဒိယနိုင်ငံ အမျိုးသားမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် မြစ်ရေလျှံတက်မှုများကြောင့် ပက်နာမြို့တွင် နေအိမ်များရေနစ်မြုပ်ခဲ့ပြီး မော်တော်ကားလမ်းများ ရေလွှမ်းခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှု ပြတ်တောက်သွားခဲ့သည်။

ထို့အပြင် ရေလွှမ်းမှုကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ရေနစ်မြုပ်သည့် နေအိမ်များမှ လူများအား ကယ်ဆယ်ရေးအဖွဲ့များက လှေများဖြင့် ကယ်ဆယ် ပေးခဲ့ရကြောင်း သိရသည်။

အမေရိကန်ရှိ အလာစကာမီးတောင်ပေါက်ကွဲ

အလာစကာ ဇူလိုင် ၁၃

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ရှိ အလာစကာမီးတောင်သည် ဇူလိုင်၁၃ရက် နံနက် ၁၁နာရီ ၃၈မိနစ်က မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုးနှင့်ပြာမှုန်များ ဝေဟင်၌လွင့်ပျံ့နေကြောင်း အမေရိကန်အမျိုးသား ငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

သတိပေးချက်ထုတ်ပြန်

မီးတောင်ပေါက်ကွဲမှုကြောင့် တောင်ထိပ်မှ ချော်ရည်ပူများ စီးထွက်လျက်ရှိရာ အနီးဝန်းကျင်၌ ဖြတ်သန်းသွားလာမှု ပိတ်ပင်ထားသည်။ ထို့အတူ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာအနီး လေယာဉ်ခရီးစဉ်များ ပျံသန်းမှုကိုလည်း သတိပေးချက် ထုတ်ပြန်ထားသည်။

ရွှေ့ပြောင်း

ထို့အတူ အနီးဝန်းကျင်မှ ဒေသခံများအား ကယ်ဆယ်ရေးအဖွဲ့များက အလျင်အမြန်ရွှေ့ပြောင်းပေးနေရပြီး အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားကြောင်းသိရသည်။

ပြင်သစ်တောင်ပိုင်း၌ လေဆင်နှာမောင်း တိုက်ခတ်

ပါရီ ဇူလိုင် ၁၃

ပြင်သစ်နိုင်ငံ တောင်ပိုင်း ဗီဂတ်မြို့တွင် ဇူလိုင် ၁၃ရက် နံနက် ၉နာရီက လေဆင်နှာမောင်းတိုက်ခတ်သွားရာ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

လေဆင်နှာမောင်းသည် ဗီဂတ်မြို့မှ တိုလုစ်မြို့သို့ တိုက်ခတ်သွားခြင်းဖြစ်ရာ နေအိမ်များ ပျက်စီးခဲ့ပြီး သစ်ပင်များ အမြစ်မှ ကျွတ်ထွက်ပြိုလဲခဲ့သည်။ လူသေဆုံးမှုမရှိသော်လည်း ဒဏ်ရာရမှုများ ရှိခဲ့ကြောင်း၊ လမ်းများပေါ်သို့ ပြိုလဲကျခဲ့သော သစ်ပင်များကို ရှင်းလင်း ဖယ်ရှားလျက်ရှိကြောင်း သိရသည်။

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဇူလိုင် ၇ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမှာစကား ပြောကြားစဉ်။ (အမှတ်(၂)လျှပ်စစ်)

ပေးအပ်

ထို့နောက် အသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဧရာဝတီတိုင်းအတွင်းသို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ဆောင်ရွက်ကြမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ၁၂ဦးအတွက် ထောက်ပံ့ငွေ ကျပ်ခြောက်သိန်း၊ နယ်မြေတာဝန်ခံဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်သိန်း ၂၀၊ မိုင်းရယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်၁၀သိန်း၊ မန်တုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်၁၀သိန်း၊ ကွမ်းလုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးတို့က ငွေကျပ်ငါးသိန်းစီ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စား အင်ဂျင် နီယာချုပ် ဦးအောင်သန်းဦးက ငွေကျပ် သုံးသိန်း၊ ရန်ကုန် ထရန်စဖော်မာကုမ္ပဏီမှ ငွေကျပ်သုံးသိန်း၊ Three Milion Group Construction ကုမ္ပဏီမှ ငွေကျပ်နှစ်သိန်းတို့ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များ သည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ငါးသိန်း၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀ သိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်းနှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၂၁၅၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြား ရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၁-၂၈၁၈၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လားရှိုး၌ သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ချယ်ရီ ဦးဆောင်သော ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဇွန် ၇ ရက်က လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၌ သစ်ပင် ၁၂၀၀ စိုက်ပျိုးခြင်း၊ ဇွန်၂၄ရက်က မြို့တော်ခန်းမရှေ့၌ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင် ဖွင့်လှစ်ပွဲကျင်းပခြင်း၊ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းစုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသရေးဌာနတွင် ကုသမှု ခံယူနေသော ပြည်နယ်အတွင်းမှ နူတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာ ဝေဒနာရှင် ၈၇ ဦးအား အခမဲ့ခွဲစိတ် ကုသပေးနေမှုကို လိုက်လံကြည့်ရှု အားပေးပြီး အာဟာရ အစားအစာနှင့် ထောက်ပံ့ငွေများ လှူဒါန်းပေးကြသည်။ ဇွန် ၂၅ ရက်ကလည်း လားရှိုးမြို့ မန်ဆူရှမ်းကျောင်း (နှီးဘုရား)ကြီးတွင် ဘိုးဘွား ၆၂ ဦးတို့အား ကျန်းမာရေး ဆောင်ရွက်မှုပေးခြင်း၊ အစားအစာ အာဟာရနှင့် ငွေသား၊ ဆေးပစ္စည်းများဖြင့် ပူဇော်ကန်တော့ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကူးခတ်ဘားပြိုင်ပွဲကျင်းပ၊ ဆုချီးမြှင့်ပေးအပ်

မြန်မာနိုင်ငံ ကူးခတ်ဘားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကူးခတ်ဘားပြိုင်ပွဲ၌ အမျိုးသမီးသွေးသစ်သက်လတ်တန်း မြေပြင်လေ့ကျင့်စဉ် ပြိုင်ပွဲတွင် ပထမ အိမ့်နှင်းသိမ့် အထက(၂)လသာ၊ ဒုတိယ အိမ့်ချောချောသူ အထက (၂)လသာ၊ တတိယ ခင်သဥ္စာသိန်း အထက(၅)ဗိုလ်တထောင်တို့အား မြန်မာနိုင်ငံကူးခတ်ဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင်က ဆုများချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံကူးခတ်ဘားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကူးခတ်ဘားပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၁နာရီက အလုံမြို့နယ် အလုံပင်မသိလျောင်ရေးရုံရှိ မြန်မာနိုင်ငံကူးခတ်ဘားအဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကူးခတ်ဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ အားကစားခန်းမအတွင်း နေရာယူပြီးနောက် မြန်မာနိုင်ငံကူးခတ်ဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများကိုဆက်လက်ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် မြေပြင်လေ့ကျင့်စဉ်ပြိုင်ပွဲနှင့် မြင်းခုန်ဘားပြိုင်ပွဲ၌ အမျိုးသမီး သွေးသစ်သက်ငယ်တန်း ပြိုင်ပွဲ၊ အမျိုးသမီး သက်လတ်တန်းပြိုင်ပွဲ၊ အမျိုးသား သွေးသစ် သက်လတ်တန်းပြိုင်ပွဲ၊ အမျိုးသမီးအကြီးတန်း နွေရာသီ လူသစ်တန်း ပြိုင်ပွဲ၊ အမျိုးသားအကြီးတန်း နွေရာသီ လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား အငယ်တန်း နွေရာသီလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား အငယ်တန်းကျောင်းပေါင်းစုံ အခြေခံပြိုင်ပွဲ၊ အမျိုးသမီး အငယ်တန်း ကျောင်းပေါင်းစုံ အခြေခံပြိုင်ပွဲ၊ အမျိုးသမီး အလတ်တန်း ကျောင်းပေါင်းစုံအခြေခံပြိုင်ပွဲ၊ အမျိုးသား အကြီးတန်း အလွတ်တန်းပြိုင်ပွဲ၊ ချိန်ဆဘားပြိုင်ပွဲ၌ အမျိုးသမီး သွေးသစ် သက်ငယ်တန်းပြိုင်ပွဲနှင့် အမျိုးသမီး သွေးသစ် သက်လတ်တန်းပြိုင်ပွဲ ပွဲစဉ်စုစုပေါင်း ၂၂ပွဲကျင်းပရာ ပြိုင်ပွဲဝင်အားကစားသမား ၆၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနား ကျင်းပရာ မြန်မာနိုင်ငံ ကူးခတ်ဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးသူများအား မြန်မာနိုင်ငံကူးခတ်ဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ ။ **(မြန်မာ့အလင်း)**

သတင်းနှင့်ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော် မြတ်ကြီးဝင်းအတွင်း ပျက်စီးသွားသည့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် ဇူလိုင် ၄ရက်က ရန်ကုန်မြို့နေ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ ဒေါက်တာမိုးတင် ဇနီး ဒေါက်တာ အိအိတင်၊ သမီး မခိုင်တင်ဇာသူ၊ သား မောင်ကောင်းတင်ခန့် မိသားစုတို့က မတည်အလှူတော်ငွေ ကျပ်သိန်း ၄၀ ကို ဂေါပကအဖွဲ့ထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်သည့်အချိန်ဖြစ်ပါသည်။ မသန့်ရှင်းသောရေသောက်သုံးခြင်းနှင့် မသန့်ရှင်းသောအစားအသောက်များ စားသုံးခြင်းတို့ကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကို ကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသောရေ(သို့မဟုတ်) ကျိုချက်ထားသောရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကိုစင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

14-7 (10).pmd 1 7/14/2008, 2:41 AM

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာ ဒီပကဝိပဿနာ အဖွဲ့ချုပ်ရိပ်သာ မျက်နှာကြက် တပ်ဆင်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ရွှေမဉ္ဇူ ၂လမ်း အမှတ် ၂၀၅နေ ဒေါ်ညွန့်ညွန့် မိသားစုက မိဘများဖြစ်ကြသော ဦးသာအောင်-ဒေါ်မဲကြည် တို့အားရည်စူး၍ အလှူငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့က လက်ခံယူကြစဉ်။ (က-ပ)

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လုပ်ငန်းခွင်သင်တန်းဆင်း

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတက်ရောက်၊ သင်တန်းဆင်းလက်မှတ်ပေးအပ်

နေပြည်တော် ဇူလိုင် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း Basic LPG Handling and Safety Training Course No.5 သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အောက်ပုံ)**သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေ၊ လုပ်ငန်းဌာနအသီးသီးမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဘေးအန္တရာယ်ကင်းရှင်း

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် LPG ထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများရှိ ဝန်ထမ်းများအား လုပ်ငန်းခွင်ကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ရေးတို့အတွက် သင်ကြားပို့ချပေးသော သင်တန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိုလှောင်ရရှိသည့်ဆည်ရေကို လေလွင့်ဆုံးရှုံးမှုမရှိအောင်အသုံးပြု

လျှပ်စစ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးအတွက် ညှိနှိုင်းပေါင်းစပ် ဆည်ရေပေးဝေ

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ရဲနွယ်ရေလှောင်တမံ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဇူလိုင် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ ရဲနွယ်ရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်ရေသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က နှစ်စဉ်လအလိုက် ရေလှောင်တမံသို့ စီးဝင်သည့် ရေပမာဏ၊ ထုတ်လွှတ်ပေးသည့်ရေနှင့် ဒေသ၏မိုးရေချိန်တို့ကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အုန်းက ဆည်ရေသောက်စနစ်နှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန် ရေလွှတ်ပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များအပေါ် ဝန်ကြီးက ရေလှောင်တမံ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သိုလှောင်ရရှိသည့် ဆည်ရေကို လေလွင့်ဆုံးရှုံးမှုမရှိအောင် အသုံးပြုရေး၊ လျှပ်စစ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးအတွက် ညှိနှိုင်းပေါင်းစပ်၍ ဆည်ရေပေးဝေရေးနှင့် ရေသောက်စနစ်ကို အပိုင်းလိုက် တည်ဆောက်ရေးအတွက် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ ပင်မတမံနှင့် တမံအတွင်းဆည်ရေ သိုလှောင်ထားမှု၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်နေမှုနှင့် ရေထွက်မြောင်းမှ ရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ပေးနိုင်

အဆိုပါ ရဲနွယ်ရေလှောင်တမံသည် တမံအမြင့်၂၅၁ပေ၊ တမံအလျားပေ၀၅၀ ရှိပြီး၊ ရေလှောင်ပမာဏရေမှတ် RL ပေ ၃၃၀ ၊ ဧကပေ ၉၃၁၈၀၀ သိုလှောင်နိုင်ရာ ယမန်နေ့အထိ ရေမှတ် RL ပေ၃၂၀၊ ဧကပေ ၇၅၆၁၅၈ သိုလှောင်ထားသည်။

ရေလွှဲဆည်မှာ ရေလှောင်တမံအောက်ဘက် ခုနစ်မိုင်အကွာတွင်ရှိပြီး ဆည်ရေပေးနိုင်သည့်ဧက ၁၁၈၅၀၀ ဖြစ်ကာ နှစ်စဉ် ပျမ်းမျှ ရေအားလျှပ်စစ်ဓာတ်အား ၁၂၃ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အသေးစားချေးငွေလုပ်ငန်း နှစ်ချုပ်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဇူလိုင် ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း နှစ်ချုပ်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ၊ ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၅ရက် နံနက် ၁၀နာရီက မန္တလေး မဟာအောင်မြေမြို့နယ် ၈၄လမ်း ၆၂×၆၅ လမ်းကြားရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း တိုင်းရုံးတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ မန္တလေးတိုင်း မြန်မာ့အသေးစားချေးငွေလုပ်ငန်း တိုင်းမန်နေဂျာ ဦးဘမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** နှစ်ချုပ်အစည်းအဝေး မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ထို့နောက် မန္တလေးတိုင်းအတွင်းရှိ ရုံးခွဲအသီးသီးမှ ကြီးကြပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြပြီး လက်ထောက်မန်နေဂျာများဖြစ်ကြသော ဒေါ်ခင်စန်းယု၊ ဦးစိန်တင့်တို့က ရုံးခွဲများသို့ သွားရောက်စစ်ဆေးစဉ် တွေ့ရှိရသော အားနည်းချက် အားသာချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိသော ရုံးခွဲများနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူများကို တိုင်းမန်နေဂျာ ဦးဘမြင့်အောင်က ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီးများအား ဂုဏ်ထူးတစ်ဘာသာလျှင် ကျပ်တစ်သောင်းခွဲနှုန်းဖြင့်လည်းကောင်း၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၆၀တို့အား ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၇၁၀၀၀ ကိုလည်းကောင်း တာဝန်ရှိသူများက အသီးသီး ပေးအပ်ကြကြောင်း သိရသည်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၃

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံကြရသည့် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တစန္ဒဓောတိ (မစိုးရိမ်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်) ဥဘတောဝိဘင်္ဂရဘွဲ့တော်ရ ဓမ္မဝိဟာရ ကျောင်းတိုက် (မဲဇာလီကျေးရွာ)မှ အရှင်ဓမ္မနန္ဒတို့အား ချီးကျူး ပူဇော်ပွဲတို့ကို (ဝါခေါင်လဆန်း ၂ရက်) ဩဂုတ် ၃ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ထို့ပြင် ကွမ်းခြံကုန်း မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၂၃ ကျောင်းသို့လည်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဝတ္ထုနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လိုသူများသည် ဦးစိုးညွှန့်(ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ (ငြိမ်း) (အတွင်းရေးမှူး) ဖုန်း-၂၈၂၅၀၀၊ ဦးမောင်မောင်မြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅၊ ဦးစန်းအောင် (တွဲဖက် အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇နှင့် ဒေါ်ဥ (အမှုဆောင်) ဖုန်း-၀၉-၈၀-၃၃၉၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။**(က-ပ)**

မူးယစ်ကင်းစင် အလှဆင်

တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကြို့မဲ့ကြေးနန်း တပ်ဖွဲ့ဝင် သားသမီးများအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် မွန်းလွဲ ၁နာရီက ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ယာဉ်ထိန်းခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ဆုရကျောင်းသား ကျောင်းသူများနှင့်မိဘများ တက်ရောက်ခဲ့ကြပြီး လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး စုစုပေါင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၂၀ အား တစ်ဦးချင်းစီ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

သမိုင်းဝင်ကျိုက်သလွံ စေတီတော်မြတ် ပြုပြင်တည်ဆောက်မှု လုပ်ငန်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၃

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အမြန်ဆုံးပြီးစီးရေးအတွက် လှူဒါန်းလိုသူများသည် ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၇၊ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄၊ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၇-၂၁၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၁၄)

လှိုင်သာယာ ပဒေသာပင် ရိပ်သာကျောင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပဒေသာပင်မြို့တော် F. M. I City ကန်သာယာလမ်းရှိ F. M. I City ရိပ်သာကျောင်း၌ ဝါကပ်တော်မူကြမည့် သံဃာတော်များနှင့် ပင့်သံဃာတော်တို့အား (ဒုတိယအကြိမ်) ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲကို ကွမ်းခြံကုန်းမြို့နေ ဦးအောင်ရှိန်-ဒေါ်ထွေးကြည်မိသားစုတို့ကမတည်၍ ဒါယကာ၊ ဒါယိကာမများနှင့် စေတနာရှင် ကုသိုလ်ရှင်များက ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့် (ဇူလိုင်၁၇ရက်)ကြာသပတေးနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင် အသီးသီးအား ဖိတ်ကြားထားကြောင်းနှင့် လှူဒါန်းလိုသူများသည် လှိုင်သာယာ ပဒေသာပင်ရိပ်သာကျောင်း အမှုဆောင်အဖွဲ့ ဖုန်း-၆၈၇၆၃၀ နှင့် ၀၉-၅၁-၄၁၇၃၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များက ပြည်သူများနှင့် လက်တွဲကြိုးပမ်း

ဝန်ကြီးဦးအောင်သောင်း တောင်သာမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ တက်ရောက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စွပ်ကျယ်စက်ရုံ(တောင်သာ) ဝန်ထမ်းမိသားစုများ၏ တောင်သာမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၂၇ကျောင်းမှ ဝါဆိုသံဃာတော်များအား တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၁ရက် နံနက် ၇နာရီခွဲက တောင်သာမြို့ သာသနဝိပုလာရာမ ကြာကန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်သာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကြာကန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရာဘိဝံသထံမှ ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပင့်သံဃာအရှင်သူမြတ်တို့က ပရိတ်တရားတော်များ ဟောကြားချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့က ဆရာတော် ဘဒ္ဒန္တသုန္ဒရာဘိဝံသထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

တွေ့ဆုံအမှာစကား

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၈နာရီတွင် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များကို အရှိန်အဟုန်ကောင်းများ ရရှိအောင်ဆောင်ရွက်ကြရန်၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး လုပ်ငန်းများကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ပညာရည်ချွန်ဆုချီးမြှင့်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မိသားစု၏ (၁၃) ကြိမ်မြောက် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို တောင်သာမြို့ မြို့နယ်ခန်းမ၌ နံနက် ၉နာရီက ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ရှစ်ဦးနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား တစ်ဦးချင်း ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဖက်တော အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက် ၆၄ ဒသမ ၂၉ ရာခိုင်နှုန်းရရှိစေရန် သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမရှစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း၄၀အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပညာသင်ထောက်ပံ့ကြေး

ဆက်လက်၍ ဝန်ကြီး၏ဇနီးဒေါ်ခင်ခင်ရီက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ကောလိပ်၊ သိပ္ပံကျောင်းများတွင် တက်ရောက်သင်ယူခဲ့သည့် တောင်သာမြို့မှ ကျောင်းသားကျောင်းသူ ၅၀အား ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်သည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးများက တောင်သာ အခြေခံပညာ အထက်တန်းကျောင်းနှင့် မင်းစုအခြေခံပညာအထက်တန်းကျောင်းတို့မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် နဝမတန်းမှ သူငယ်တန်းအထိ တန်းစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင် တောင်သာမြို့နယ် အသင်းအတွင်းရေးမှူးများက ဇရပ်ကြီး၊ ဖက်တော၊ နဖောင်နန်းတဲ၊ ပုဒတ်စာကုန်း၊ မြေဖြူကုန်း အခြေခံပညာအထက်တန်း ကျောင်းခွဲများတွင် နဝမတန်းမှသူငယ်တန်းအထိတန်းစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုငွေ

ယင်းနောက် နံနက် ၁၁နာရီ ၁၅မိနစ်တွင် ဆီမီးကန် အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဗဟိုအတွင်းရေးမှူး ဝန်ကြီးမိသားစု၏ (ဒသမ)အကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား လည်းကောင်း၊ ဝန်ကြီး၏ဇနီးက ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် နဝမတန်းမှ သူငယ်တန်းအထိ တန်းစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား လည်းကောင်း၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ရုံးတော အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် သာစည် အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ နဝမတန်းမှ သူငယ်တန်းအထိ တန်းစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုများ အသီးသီး ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၂ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးတို့ ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လှူဒါန်းသော အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းဖော်ပြပြီး) (ဘဏ္ဍာ/အခွန်)

မာဃလုလင် ဆွမ်းလောင်းအဖွဲ့ အရဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ၅၅လမ်းရှိ မာဃလုလင် ဆွမ်းလောင်းအဖွဲ့သည် ဝါတွင်းသုံးလပတ်လုံး တနင်္ဂနွေနေ့တိုင်း မြို့နယ်အတွင်းရှိ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူခဲ့သည်မှာ နှစ်ပေါင်း ၃၀တိုင်ခဲ့ပြီဖြစ်သည်။ ၁၃၇၀ပြည့်နှစ် ဝါတွင်းကာလသုံးလပတ်လုံးတွင်လည်း ပထမဆုံးဆွမ်းပတ် (ဇူလိုင်၂၀ရက်) မှစ၍ တနင်္ဂနွေနေ့တိုင်း မြို့နယ်အတွင်းရှိ သံဃာတော်အပါး ၁၀၀၀ ကျော်အား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူမည်ဟု သိရသည်။

(က-ပ)

ပုဂံညောင်ဦးမြို့နယ်အသင်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်

ရန်ကုန် ဇူလိုင် ၁၃

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲကို ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခ ကျောင်းတိုက် မှန်ကျောင်းရွှေနှင်းဆီဓမ္မဗိမာန်တော်၌ ပုဂံညောင်ဦးမြို့နယ်ဖွား ရန်ကုန်ရောက် ကျောင်းထိုင်ဆရာတော်များကို မတည် အလှူရှင် ဂျိုးမင်းသင်္ကန်းတိုက် ဦးရွှေအောင်-ဒေါ်တင်ဝိုင်း မိသားစုနှင့်အတူ ဝါဆိုသင်္ကန်းကပ်လှူပြီး နေ့ဆွမ်းဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။

ရန်ကုန်ရောက် ပုဂံညောင်ဦးမြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို နာယက ဦးဘစော ဖုန်း-၂၀၁၄၈၈၊ နာယက ဒုတိယ ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း) ဖုန်း-၅၈၁၅၂၉ နှင့် ၀၉-၅၁-၂၂၈၁၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂ နှင့် ၀၉-၅၁-၆၀၂၈၅၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း-၅၅၂၄၈၉၊ ဗိုလ်ကြီးထွန်းအောင်ရှိန် (ငြိမ်း) ဖုန်း-၅၅၆၄၇၂၊ ဦးဖိုးချို (ညောင်ဦးဖိုးချို) ဖုန်း-၅၄၅၃၂၃၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၀-၆၄၅၄၉၊ ဦးယုတင် ဖုန်း-၀၉-၅၀-၂၈၀၄၅ နှင့် ဦးရွှေအောင်-ဒေါ်တင်ဝိုင်း ဖုန်း ၀၉-၅၀-၃၄၄၄၇တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တန့်ယန်းမြို့တွင် သီလရှင်ဝတ်စုံဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၄ရက် နံနက်ပိုင်းက တန့်ယန်းမြို့သို့ ရောက်ရှိခဲ့ပြီး တန့်ယန်းမြို့ သာသနာ့ဝေပုလ္လ ရွှေမောင်း သီလရှင်စာသင်တိုက်တွင်ကျင်းပသော သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် သီလရှင်ဝတ်စုံ ၂၆၀နှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့လှူဒါန်းသော ဆွမ်းဆန်တော်ဖိုး ငွေကျပ် ၁၂သိန်း လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူး၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးခိုင်ဇော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်တို့က သီလရှင်ဝတ်စုံနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဇူလိုင် ၅ရက်တွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပေါက်မြို့သို့ ရောက်ရှိခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း (မိုင်းပေါက်) ကျောင်းခန်းမတွင် မိုင်းပေါက်ဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(က-ပ)

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ **(အပေါ်ပုံ)** အား ဂျပန်နိုင်ငံ DPJပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ လာရောက် တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မုန်တိုင်းဒဏ်အပြီး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် လူမှုဝန်ထမ်းလုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ ဒုတိယရုံးအဖွဲ့မှူး ဦးစိန်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဟုမ္မလင်းမြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

ဟုမ္မလင်း ဇူလိုင် ၁၃

ဟုမ္မလင်းမြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ရက် နံနက် ၈နာရီတွင် ခုတင်(၁၀၀)ဆေးရုံဝင်းအတွင်း ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က ကံ့ကော်ပင်များ စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဌာနဆိုင်ရာ ဝန်ထမ်းများက ကံ့ကော်ပင်၊ ကွမ်းသီးပင်၊ မဲဇလီပင်၊ သရက်ပင်၊ ပျဉ်းကတိုးပင် နှစ်ရှည်ပင်များနှင့် ပန်းအလှပင် စုစုပေါင်း ၅၁၅ပင် စိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဦးပြား၊ အောင်ခိုင်ဝင်း၊ ထွန်းဝင်းနိုင်၊ ဝတ်ရည်ဖြိုးနှင့် နှင်းဧပရယ်တို့ဆွတ်ခူး

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ ■ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ■ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းမှာရှိတဲ့ မြန်မာကွန်ဗင်းရှင်းစင်တာအဆောက်အအုံအတွင်း လှမ်းဝင်လိုက်တာနဲ့ တေးဂီတဖျော်ဖြေနေသံကို ကြားလိုက်ရပါတယ်။ ဧည့်ပရိသတ်တွေနဲ့ ပြည့်လျှံနေတဲ့ ခန်းမအတွင်း စင်မြင့်ထက်မှာတော့ "မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် M.G.S Beverage Co.,Ltd. တို့ ပူးပေါင်းကျင်းပသည့် Mr.Crusher & Ms. Quench ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ"ဆိုတဲ့ ဆိုင်းဘုတ်ကြီး ချိတ်ဆွဲထားတာ တွေ့ရပါတယ်။



"ပထမဆုံး ဆုရရှိခဲ့ခြင်းပါပဲ"
မောင်ထွန်းဝင်းနိုင် (အငယ်တန်းမောင်)

နာမည်ကြီးအဆိုတော်တွေ တစ်ဦးပြီးတစ်ဦး တေးသီချင်းတွေ သီဆိုဖျော်ဖြေနေတာကို နားမဆင်နိုင်ဘဲ ဇူလိုင် ၁၃ရက်ဖြစ်တဲ့ ဒီနေ့မွန်းတည့် ၁၂နာရီမှာ စတင်ကျင်းပမယ့် ပြိုင်ပွဲနဲ့ ပတ်သက်ပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးအောင်နိုင်နဲ့ တွေ့ဆုံခဲ့ပါတယ်။

ပါဝင်ယှဉ်ပြိုင်

"ဒီနေ့ပြိုင်ပွဲမှာ အသက် ၅၀နဲ့အထက် သက်ကြီးတန်းမောင်ပြိုင်ပွဲမှာ ခုနစ်ဦး၊ အကြီးတန်းအိုလံပစ်မောင် Mr. Crusher ပြိုင်ပွဲဝင် ၁၃ဦးနဲ့ အသက် ၂၁နှစ်အောက် အငယ်တန်း အိုလံပစ်မောင် (Mr.Star Cola) ပြိုင်ပွဲဝင် ၁၁ဦး ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

"အလွန် ဝမ်းသာရပါတယ်"
မဝတ်ရည်ဖြိုး (အကြီးတန်းမယ်)

ပြိုင်ပွဲဝင် ကာယဗလမောင်တွေကို ခန္ဓာကိုယ်ပြေပြစ်မှု၊ ကြွက်သားပေါ်လွင်မှု၊ ခန္ဓာကိုယ်အချိုးအစားပြေပြစ်မှုနဲ့ ကိုယ်ဟန်ပြသမှုကောင်းမွန်ခြင်းဆိုတဲ့ အချက်တွေအပေါ် အဓိကထား ရွေးချယ်သွားမှာဖြစ်ပါတယ်" လို့ ရှင်းပြပါတယ်။

အမှတ်ပေး

အခု ကျင်းပမယ့် ပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲမယ့် ကာယဗလမောင်တွေဟာ လူဟောင်းတွေရော လူသစ်တွေပါ ပါဝင်နေတာမို့ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။ ဒါ့အပြင် ကာယအလှမယ်ပြိုင်ပွဲဝင်တွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်မှ အမှုဆောင်နဲ့ ဒီနေ့ပွဲမှာ အကဲဖြတ်ဒိုင်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒေါ်ချိုချိုလွင်ကလည်း "ဒီနေ့ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ကာယအလှမယ်တွေအနေနဲ့ ကာယအလှမယ် အကြီးတန်း (Ms. Quench) ပြိုင်ပွဲမှာ ခုနစ်ဦးနဲ့ ကာယအလှမယ်အငယ်တန်း (Ms. Quench) ပြိုင်ပွဲမှာ ၁၁ဦး ပါဝင်ဆင်နွှဲကြမှာပါ။ ပြိုင်ပွဲဝင်တွေကို အကဲဖြတ် အမှတ်ပေးတဲ့အခါ သတ်မှတ်ကိုယ်ဟန်လေးမျိုးပြသမှု၊ သတ်မှတ်ဝတ်စုံ မှန်ကန်မှု၊ လမ်းလျှောက်ကိုယ်ဟန်ပြခြင်းကောင်းမှု၊ ဝတ်စားဆင်ယင်မှု သပ်ရပ်ခြင်း၊ မြန်မာအမျိုးသမီးတစ်ဦးရဲ့ ဟန်ပန်စရိုက် အပြည့်ရှိမှု၊ ကျန်းမာသန်စွမ်းပြီး အသားအရေလှပမှုနဲ့ သတ်မှတ်ကိုယ်ခန္ဓာအချိုးအစားရှိပြီး ပြေပြစ်မှုတွေအပေါ် အမှတ်ပေးသွားမှာပါ" လို့ မြန်မာ့အလင်းကို ရှင်းပြပါတယ်။

အံ့သြဖွယ်

မွန်းတည့် ၁၂နာရီမှာ ပြိုင်ပွဲစတင်တဲ့အခါ တစ်သက်တာ ကြံ့ခိုင်မှုဂုဏ်ပြုဆုကို ကာယဗလနဲ့ပတ်သက်ပြီး ဆုတွေအများအပြားရရှိခဲ့တဲ့ အသက်၇၀ကျော်ရှိနေပြီဖြစ်တဲ့ ဗိုလ်ကြီးတင်အောင် (အငြိမ်းစား)က ဆုရရှိခဲ့ပါတယ်။ ပြိုင်ပွဲကို ဆက်လက် ကျင်းပတဲ့အခါ အသက် ၅၀ နဲ့အထက် သက်ကြီးတန်းမောင်ပြိုင်ပွဲမှာ ခုနစ်ဦးယှဉ်ပြိုင်ကြတဲ့အခါ အသက်အရွယ်ကြီးရင့်သူတွေဖြစ်ပေမယ့် ကိုယ်ခန္ဓာကြံ့ခိုင်မှုအပြည့်ရှိပြီး ကြွက်သားတွေ မြှောင်းမြှောင်းထနေအောင် ကြံ့ခိုင်သန်စွမ်းသူတွေအဖြစ် အံ့သြဖွယ်ရာ မြင်တွေ့ရပါတယ်။

သက်ကြီးတန်းမောင်

ဒီပြိုင်ပွဲမှာ ပထမဆု ဦးပြား၊ ဒုတိယဆု ဦးခွန်တင်မောင်မောင်နဲ့ တတိယဆု ဦးသန်းအေးတို့က ရရှိခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် သက်ကြီးတန်းမောင် ပထမဆုရရှိခဲ့တဲ့ ဦးပြားနဲ့ တွေ့ဆုံတဲ့အခါ "အသက်က ၆၃နှစ်ကျော်ပါပြီ၊ ဒီဆုဟာ

"ဒုတိယမြောက် ပထမဆုရရှိတာပါ"
မနှင်းဧပရယ် (အငယ်တန်းမယ်)

သက်ကြီးတန်းမောင်ဆု ခုနစ်ကြိမ်မြောက် ရရှိခြင်းဖြစ်ပါတယ်။ အသက် ၂၀အရွယ် ၁၉၆၅ခုနှစ်ကတည်းက ကာယအလှပြိုင်ပွဲတွေ ဆင်နွှဲခဲ့တာပါ။ လေ့ကျင့်မှုကတော့ နေ့တိုင်း လုပ်ဖြစ်ပါတယ်။ ဒီနှစ်ပထမဆုရတော့ နောင်နှစ်ပြိုင်ဖို့ အားရှိသွားတာပေါ့"လို့ ဆုတံဆိပ်ပိုက်ပြီး ဖြေကြားသွားပါတယ်။

ပြည်ပမှာ အကြိမ်ကြိမ်

အဲဒီနောက် အကြီးတန်းအိုလံပစ်မောင် ပြိုင်ပွဲမှာတော့ အတွေ့အကြုံရင့်ကျက်သူတွေများတာမို့ ကြွက်သားတွေ ဖော်ထုတ်

"ဒီဆုရတဲ့အတွက် အားသစ်လောင်းလိုက်သလိုပါပဲ"
အောင်ခိုင်ဝင်း (အကြီးတန်းမောင်)

ပြနိုင်မှု သံစဉ်တီးလုံးလိုက်နဲ့အတူ ကိုယ်နေဟန်ထားတွေ ကာယဗလပြကွက်တွေကို နှစ်ကြိမ်တိုင်တိုင် အကဲဖြတ်ခဲ့ပြီးမှ ရွေးချယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲမှာတော့ အောင်ခိုင်ဝင်းက ပထမ၊ အောင်ဆွေနိုင်က ဒုတိယနဲ့ တတိယကတော့ ဇော်သိန်းနိုင်တို့ ရရှိခဲ့ပါတယ်။ ပထမဆုရရှိတဲ့ အောင်ခိုင်ဝင်းက အကြီးတန်း အိုလံပစ်မောင် (Mr. Crusher)အဖြစ် ၂၀၀၆၊ ၂၀၀၇ခုနှစ်တွေမှာ ရရှိခဲ့ပြီး အခု တတိယအကြိမ်မြောက် ရရှိခြင်းဖြစ်ပါတယ်။

"ပထမဆုရတော့ နောင်နှစ်ပြိုင်ဖို့ အားရှိသွားတာပေါ့"
ဦးပြား (သက်ကြီးတန်းမောင်)

ကာယဗလနဲ့ ပတ်သက်ပြီး ဆုတွေ ၂၄ခုလောက်ရခဲ့ပြီးပါပြီ။ ပြည်ပမှာလည်း အကြိမ်ကြိမ် သွားရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဒီဆုရတဲ့အတွက် အားသစ်လောင်းလိုက်သလိုပါပဲ"လို့ ပြောပြသွားပါတယ်။

လေ့လာလိုက်စားခဲ့

အသက်၂၁နှစ်နဲ့အောက် အငယ်တန်း အိုလံပစ်မောင် (Mr. Star Cola) ပြိုင်ပွဲမှာတော့ လူငယ်တွေပီပီ အင်အားအပြည့်နဲ့ ကြွက်သားတွေ ထုတ်ဖော်ပြခဲ့နိုင်ကြသလို အပြိုင်အဆိုင်နဲ့ မတိမ်းမယိမ်းရှိခဲ့တာမို့ ရွေးချယ်ရခက်ခဲစေတဲ့ ပြိုင်ပွဲပါပဲ၊ ဒီပွဲမှာ ပထမဆုရရှိခဲ့တဲ့ မောင်ထွန်းဝင်းနိုင်က "ရခိုင်ပြည်နယ် စစ်တွေမြို့က ဖြစ်ပါတယ်။ ရန်ကုန်မှာတော့ ပထမဆုံးအကြိမ် ဝင်ပြိုင်တာ ဖြစ်ပြီး ပထမဆုံးဆုရရှိခဲ့ခြင်းပါပဲ၊ ကာယဗလအားကစားကို ၂၀၀၄ခုနှစ်ကစပြီး လေ့လာလိုက်စားခဲ့တာပါ။ ဒီလို ပထမဆုရတဲ့အတွက် ပြည်ပအထိ သွားရောက်ယှဉ်ပြိုင်လိုတဲ့ဆန္ဒတွေ ဖြစ်ပေါ်ရပါတယ်"လို့ မြန်မာ့အလင်းကို ပြောပြပါတယ်။

ပဲခူးသူ

ကာယအလှမယ်အကြီးတန်း (Ms. Quench) ပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ စိတ်ကြိုက်ကိုယ်ဟန်ပြ လေးမျိုးကို တစ်ဦးချင်းပြသယှဉ်ပြိုင်တဲ့အခါ အားလုံး

အကြီးတန်း ကာယဗလမောင်များ ယှဉ်ပြိုင်နေမှုကို ဤသို့ တွေ့ရသည်။

ဟာ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သူတွေ၊ ကျန်းမာသန်စွမ်းသူတွေနဲ့ မြန်မာဟန်အပြည့် ချောမောလှပသူတွေချည်းပါပဲ။ စင်မြင့်ထက်မှာ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ယှဉ်ပြိုင်သူတွေ အားလုံးဟာ အရည်အချင်းတွေတူညီကြတာမို့ အကဲဖြတ်ဒိုင်တွေ ရွေးချယ်ရခက်ခဲစေခဲ့ပြန်ပါတယ်။ ဒီပြိုင်ပွဲမှာ ပထမ ဝတ်ရည်ဖြိုး၊ ဒုတိယ ဟန်နွေးညီမ်းနဲ့ တတိယဆုကိုတော့ ငုဝါခိုင်က ရရှိခဲ့ပါတယ်။ ပထမဆုရတဲ့ ဝတ်ရည်ဖြိုးနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ "ဒီဆုက ဒုတိယအကြိမ် ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ် (ကြည်း၊ ရေ၊ လေ) ကာယအလှမယ်ပြိုင်ပွဲမှာ ပထမရရှိခဲ့ပါသေးတယ်။ အခု ပထမဆုရရှိလိုက်တော့ အလွန်ဝမ်းသာရပါတယ်။ နောက်ဆို မယ်ဗမာပြိုင်ပွဲတွေမှာ ဝင်ရောက်ဆင်နွှဲသွားမှာပါ"လို့ ပဲခူးသူဖြစ်တဲ့ ဝတ်ရည်ဖြိုးက မြန်မာ့အလင်းကို ပြောပြပါတယ်။

အကြီးတန်း ကာယအလှမယ်တစ်ဦး၏ ယှဉ်ပြိုင်ဟန်။

အကြီးတန်း ကာယအလှမယ်တစ်ဦး၏ ယှဉ်ပြိုင်ဟန်။

မော်လမြိုင်မယ်

ဒါ့အပြင် ကာယအလှမယ်အငယ်တန်း (Ms. Quench) ပြိုင်ပွဲမှာ ကာယအလှမယ် ၁၁ဦး ပါဝင်ယှဉ်ပြိုင်တဲ့အခါ ပထမ နှင်းဧပရယ်၊ ဒုတိယ ဇင်ဖြူဝင်းနိုင်၊ တတိယ သဇင်ဖြူအောင်တို့ ရရှိခဲ့ပါတယ်။ ပထမဆုရရှိခဲ့တဲ့ နှင်းဧပရယ်က "မော်လမြိုင်က လာတာပါ။ ၂၀၀၅ခုနှစ်က မော်လမြိုင်ဖက်ရှင်ပြိုင်ပွဲမှာ ပထမရရှိဖူးပါတယ်။ ဒါက ဒုတိယအကြိမ်မြောက် ပထမဆုရရှိတာပါ။ ကာယအလှပြိုင်ပွဲတွေ ဆက်ပြီးပြိုင်သွားမှာဖြစ်သလို အခြေအနေပေးရင် သရုပ်ဆောင် လုပ်ဖြစ်သွားမယ်ထင်ပါတယ်" ဟု ဖြေကြားသွားပါတယ်။

မြန်မာအမျိုးသား အမျိုးသမီးတို့ရဲ့ ကျန်းမာသန်စွမ်းမှု၊ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်မှုတွေက နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တယ်ဆိုတာ မြင်တွေ့ခဲ့ရပါကြောင်း သတင်းမြင်ကွင်း ရေးသားလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ ၁ လမ်းနေ
(ဦးဝင်းတင်)-ဒေါ်ခင်ခင်သန်း
တို့၏ တစ်ဦးတည်းသောသား
ဗိုလ်ကြီးရန်နောင်ဝင်း D.S.A (B.A, Geography)
ကာကွယ်ရေးဝန်ကြီးဌာန
နှင့်
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဧရာ ၁၇ လမ်းနေ
ဦးတင်အုန်း-ဒေါ်ခင်တင့်
တို့၏ သမီးကြီး
မနန်းနုနုဝါ B.Sc (Physics)
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
တို့သည် ၁၃-၇-၂၀၀၈ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရန်နောင်ဝင်း-မနန်းနုနုဝါ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့နေ
ဗိုလ်မှူးကြီးရဲထွန်းဝင်း(ငြိမ်း)-ဗိုလ်ကြီးဒေါ်ခင်စမ်းရီ(ငြိမ်း)
တို့၏ တစ်ဦးတည်းသောသား
ဗိုလ်ကြီးအေးကိုကိုဇင် B.Sc (Chem:) (D.S.A)
M.Sc (MUCTR)
နှင့်
နေပြည်တော်နေ ဦးသန်းထွန်း(ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)-ဒေါ်ချိုချိုလွင်
တို့၏သမီးငယ်
မပန်းအိအိထွန်း B.Sc (Zoology)
တို့သည် ၁၂-၇-၂၀၀၈ရက် (စနေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအေးကိုကိုဇင်-မပန်းအိအိထွန်း။



ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
ရန်ကုန်မြို့
၂လက်မ × ၂လက်မအရွယ် ရွှေဆိုင်းများဝယ်ယူရန် ဈေးပြိုင်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရန်သာသနိက အဆောက်အအုံများဖြစ်သည့် စေတီပုထိုး တန်ဆောင်း ပြာသာဒ်များ ရွှေချရန်အတွက် ၂ လက်မ × ၂ လက်မအရွယ် ရွှေမျက်ပါးရာဆိုင်းများ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူရန် ကြိုးပမ်းခဲ့ရာ တင်ဒါစည်းကမ်းနှင့်ကိုက်ညီမှုမရှိ၊ မအောင်မြင်သဖြင့် ထပ်မံ၍ ရွှေဆိုင်း ၄၀၀၀၀ ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။

၂။ ရွှေဆိုင်းရောင်းချလိုသူများသည် ဈေးပြိုင်တင်ဒါစည်းကမ်းချက်တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၂၁-၇-၂၀၀၈ ရက်နှင့် ၂၂-၇-၂၀၀၈ ရက်များတွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၂၃-၇-၂၀၀၈ ရက် နံနက် ၁၁ နာရီဖြစ်ပါသည်။

(အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။)

ဂေါပကအဖွဲ့။

(၁၀)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ဇူလိုင်၁၄ရက်တွင်ကျရောက်သော ပါးပါး **ဦးတင်မောင်ခိုင်** နှင့် မာမား **မိုးသက်သက်ထူး**တို့ရဲ့ (၁၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် မိသားစု မခွဲမခွာ ပျော်ရွှင်ပြည့်စုံစွာ လျှောက်လှမ်းနိုင်ပါစေ။

တစ်ဦးတည်းသောချစ်သားလေး
မောင်ခင့်မြေးထူး(T.T.C)။



အမည်ပြောင်း အဖ ဦးဇော်ဝင်း၏သမီးဖြစ်သူ အထက(၂)လသာ Grade-VIII, D မှ မပတ္တမြားစုစုအား မမဒ္ဒူကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မမဒ္ဒူကျော်။





သီရိမင်္ဂလာကမ္ဘာအေးစေတီ၌ ဝါတွင်းသုံးလဥပုသ်ရက်များတွင် သီလပေးပွဲ၊ တရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းကာလ ဓမ္မသဘင်ပွဲအဖြစ် ၈ရက်(လပြည့်၊ လကွယ်)နေ့တိုင်း ဥပုသ်ရက်များ၌ နံနက် ၉နာရီခွဲတွင် သီလပေးပွဲ ကျင်းပပြီး မွန်းလွဲ၁နာရီ၌ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ကမ္ဘာအေးစေတီ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ဆရာတော်ကြီးများဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး အာရုံခံ တန်ဆောင်းကြီးအပေါ်ထပ်၌ ကျင်းပမည်ဖြစ်ရာ ဝါတွင်းဥပုသ်ရက်တိုင်း တရားတော်နာ ကြွရောက်နိုင်ကြကြောင်း သိရသည်။ (က-ပ)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလုပ်တိုး

ပန်းဘဲတန်း မဟာသိမ်တော်ကြီးဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၃

၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့ (ဇူလိုင် ၁၇ရက်) ည ၇နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသီရိဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၈ခုနှစ် ဇူလိုင် ၁၃ရက် မွန်းလွဲ ၁၂နာရီခွဲအချိန် ထုတ်ပြန်ချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ကျဆင်းလျက်ရှိနေပြီး နောက်၂၄နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀အောက်သို့ လည်းကောင်း၊ နောက်သုံးရက်အတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀၊ ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ១၅၅၀နှင့် မုံရွာမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀ အောက်သို့ လည်းကောင်း ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။

ညောင်ဦးမြို့

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အထက် ၇စင်တီမီတာ၌ ရှိနေပြီး ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၁စင်တီမီတာနှုန်းဖြင့် မြင့်တက်နေသည်။ အဆိုပါမြစ်ရေသည် နောက်ထပ် ၁၀စင်တီမီတာခန့်သာ မြင့်တက်လာနိုင်ပြီး နောက်နှစ်ရက်အတွင်း ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၁၂၀ အောက်သို့ ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။

ဟင်္သာတမြို့

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၁ဒသမ ၅စင်တီမီတာနှုန်းဖြင့် မြင့်တက်နေပြီး နောက်နှစ်ရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာသို့ ကျော်လွန်ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဇူလိုင် ၁၃

ဇူလိုင် ၁၂ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို ဆန်းစစ်ကြည့်ရာတွင် ပီရူးနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်ခြင်း၊ တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဗြိတိန်နိုင်ငံတွင် လေပြင်းတိုက်၍ မိုးရွာသွန်းခဲ့ခြင်းဖြစ်ပေါ်ခဲ့သည်။

ဇူလိုင် ၁၃ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်လျှင် ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ကရင်ပြည်နယ်တို့၌ နေရာကျဲကျဲမိုးရွာခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျားမိုးရွာခဲ့သည်။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ဇူလိုင် ၁၃ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၄၃ လက်မ	**မော်လမြိုင်**	၂ ဒသမ ၄၄ လက်မ
ပဲခူး	၄ ဒသမ ၄၉ လက်မ	**စစ်တွေ**	၁ ဒသမ ၅၇ လက်မ
မောင်တော	၂ ဒသမ ၈၇ လက်မ	**ဟုမ္မလင်း**	၁ ဒသမ ၄၆ လက်မ
ခန္တီး	၂ ဒသမ ၆၄ လက်မ		

ဇူလိုင် ၁၄ရက် **(ယနေ့)** ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင်၁၄ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ မိုးအသင့်အတင့် ထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုးသက်လေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှအားကောင်းလျက်ရှိသည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ပခုက္ကူမြို့မှ ထူးကဲမွန်မြတ်သည့် အလှူဒါန

သတင်းမြင်ကွင်း - ဓာတ်ပုံ မောင်မောင်

ရန်ကုန် ဇူလိုင် ၁၃

မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့ရှိ ''ပြည်သာယာခန်းမ''၌ မတ် ၂၁ ရက်က ကျင်းပခဲ့သော ပခုက္ကူခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် စစ်ဆေးခွဲစိတ်၍ မျက်ကြည်မှန် ထည့်သွင်းကုသခြင်းနှင့် မျက်မှန်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ မမျှော်လင့်ဘဲ တက်ရောက်ခွင့်ရခဲ့ပါသည်။

အဆိုပါ အလှူမင်္ဂလာမှာ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှဦးဆောင်၍ ပခုက္ကူခရိုင်တွင် ၂၀၀၈ ခုနှစ် မတ် ၁၀ ရက်မှ ၁၇ ရက်အထိ ရှစ်ရက်အတွင်း ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ရေစကြိုမြို့နယ်များရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင် ရဟန်း ၂၅ ပါးနှင့် လူပုဂ္ဂိုလ် ၁၂၃၃ဦး တို့ကို အခမဲ့စမ်းသပ်စစ်ဆေးပြီးနောက် မျက်စိခွဲစိတ်ကုသရန် လိုအပ်သည့် ပခုက္ကူမြို့၊ မန္တလေးတိုက်ဆရာတော် ဦးသောဘန၊ ပခုက္ကူမြို့ မဟာဝိသုတာရာမအလယ်တိုက် တိပိဋကလင်္ကာရကျောင်းမှ စာချဆရာတော် ဘဒ္ဒန္တပညာသီဟအပါအဝင် ဆရာတော်၊ သံဃာတော် ငါးပါး၊ မျက်စိဝေဒနာရှင်လူပုဂ္ဂိုလ် ၁၀၀၀တို့အား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပြီး ခွဲစိတ်ကုသရန်မလိုဘဲ သာမန်ကုသရန် လိုအပ်သော မျက်စိဝေဒနာရှင်များနှင့် မျက်မှန်တပ်ဆင်ရန် လိုအပ်သူများကို စမ်းသပ်စစ်ဆေး၍ မျက်မှန်များ အခမဲ့လှူဒါန်းသဖြင့် ပခုက္ကူခရိုင်အတွင်းမှ မျက်စိဝေဒနာရှင်များမှာ အမြင်အာရုံကြည်လင် ရှင်းလင်းစွာဖြင့် လိုရာခရီးသို့ မကြောင့်မကြသွားလာနိုင်သော ထူးကဲမွန်မြတ်လှသည့် အမြင်ကြည်ကြ အလှူဒါနတစ်ခုဖြစ်ပါသည်။

ထိုသို့ထူးကဲမွန်မြတ်လှသော အမြင်ကြည်ကြမြတ်ဒါနမှာ မကွေးတိုင်းအတွင်း ယခုတစ်ကြိမ်သာမက ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ် နှစ်ဦးအစတွင် ကံမမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ မြို့သစ်မြို့နယ်၊ မင်းဘူးမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် အောင်လံမြို့နယ်တို့တွင် မျက်စိစမ်းသပ်စစ်ဆေးကုသမှု ခုနစ်ကြိမ်ပြုလုပ်ခဲ့ရာ မျက်စိဝေဒနာရှင် ၁၃၂၀၃ ဦးတို့အား စစ်ဆေးကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင် ၇၇၇ဦးကို အောင်မြင်စွာခွဲစိတ် ကုသပေးခဲ့ရာ အလွန်ဝမ်းသာပီတိဖြစ်ဖွယ် ကောင်းလှပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ မကွေးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များသည် ပခုက္ကူမြို့သို့ရောက်လျှင်ရောက်ချင်း ရှေးဦးစွာ ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပခုက္ကူခရိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်း၊ အလှူရှင် ဒေါက်တာမောင်မောင်အေးတို့နှင့်အတူ မျက်စိကုသဆောင်ရှိ မျက်စိခွဲစိတ်ကုသမှုခံယူထားသော ပခုက္ကူမြို့၊ မန္တလေးတိုက်ဆရာတော် ဦးသောဘနနှင့် ဆရာတော်၊ သံဃာတော် ငါးပါးတို့အား တစ်ပါးချင်း ဖူးမြော်ကန်တော့၍ ကျန်းမာရေးအခြေအနေများကို လျှောက်ထားမေးမြန်းကြသည်။

ဆရာတော်၊ သံဃာတော်များက အနှစ်နှစ်အလလက ခံစားခဲ့ရသော မျက်စိရောဂါဝေဒနာများ ပျောက်ကင်းပြီဖြစ်၍ ဝမ်းသာကြည်နူးစွာ သာဓုခေါ်ဆို ဆုတောင်းမေတ္တာ ပို့သကြရာ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကိုယ်စီကိုယ်င လက်အုပ်ချီမိုး ရှိခိုး၍ ပြုံးရွှင်ကြည်နူးစွာ ဆရာတော်တို့၏ မေတ္တာပို့သမှုကို ခံယူနေသည်မှာ အလွန်စိတ်ချမ်းမြေ့၍ ပီတိဖြစ်ရပါသည်။

ဆက်လက်၍ မျက်စိကုသဆောင်ရှိ မျက်စိခွဲစိတ် ကုသမှုခံယူသွားသော လူနာများကို တစ်ဦးချင်း လှည့်လည်ကြည့်ရှုနှုတ်ဆက်၍ အားပေးစကား ပြောကြားရာတွင်လည်း ဝေဒနာရှင်မှာ ဝမ်းသာလွန်း၍ ကျေးဇူးတင်စကား ပြောကြားနေသည့် ရိုးသားသောဒေသခံတို့၏ စိတ်ရင်းအမှန် ဟန်မပါသော သဘာဝအလှများလည်း ပီတိလှိုင်းခတ် သတိရတိုင်း ကြည်နူးရပါသည်။

ထိုသို့ခံစားရသည်မှာ စာရေးသူသည် ၂၀၀၆ခုနှစ်က ဘယ်ဘက်မျက်စိအတွင်းတိမ်ကို ခွဲစိတ်ကုသခံယူခဲ့ဖူးရာ မျက်စိအမြင် အာရုံ၏ တန်ဖိုးနှင့် အရေးကြီးပုံ၊ မျက်စိခွဲစိတ်ကုသရသည့် ကုန်ကျစရိတ်၊ မျက်စိဝေဒနာရှင်၏ မျက်စိမခွဲစိတ်မီခံစားချက်၊ မျက်စိခွဲစိတ်ကုသမှု အောင်မြင်ပြီးနောက် ခံစားချက်၊ ခွဲစိတ်ပြီးနောက် အမြင်အာရုံ၏ ထူးခြားမှုစသည်တို့ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခဲ့ရသဖြင့် ယခုတက်ရောက်ရသော အလှူပွဲတွင် မျက်စိရောဂါဝေဒနာရှင်နှင့်ထပ်တူ ကြည်နူးခံစား ရေးသားမိခြင်း ဖြစ်ပါသည်။

ယင်းနေ့က ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမတွင် ရဟန်းရှင်လူ ဒေသခံပြည်သူများဖြင့် ပြည့်ကျပ်လျက်ရှိသည်။

အစီအစဉ်အရ ရှေးဦးစွာတွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားရာ၌ ရခဲလှသည့် လူ့ဘဝတွင် အကြားအာရုံနှင့် အမြင်အာရုံတို့သည် အလွန်အရေးကြီးသည့်အနက် အမြင်အာရုံသည် ပို၍အရေးကြီးကြောင်း၊ အမြင်အာရုံ ချို့ယွင်းလာသည်နှင့်အမျှ ဘဝတွင် စုးစမ်းလေ့လာနိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ တဖြည်းဖြည်းအလှမ်းဝေးသွားပြီး စိတ်အလိုမကျမှု၊ မပြည့်စုံမှုတို့ဖြစ်လာနိုင်ကြောင်း၊ ယနေ့တွင် မျက်စိဝေဒနာရှင်များကို လိုအပ်သည့် ကုသမှုများပြုလုပ်ပြီးဖြစ်ရာ မျက်စိအမြင် အာရုံချို့ယွင်းမှု၏ အခက်အခဲများကို ကျော်ဖြတ်နိုင်ပြီဖြစ်၍ မင်္ဂလာရှိသောနေ့၊ ပျော်ရွှင်ဖွယ်နေ့အဖြစ် ဖော်ညွှန်းရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စည်းရုံးဦးဆောင်မှုဖြင့် မကွေးတိုင်းအတွင်း မျက်စိဝေဒနာရှင် ၁၄၄၆၁ဦးကို စမ်းသပ်စစ်ဆေး ကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင် ၈၈၂ဦးကို ခွဲစိတ်ကုသပေးပြီးဖြစ်ကြောင်း၊ ရှေ့ဆက်ပြီးကြိုးစား၍ ကူညီဆောင်ရွက်နေမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကား ပြောကြားပြီးနောက် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် တိုင်းဥက္ကဋ္ဌတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ခွဲစိတ်ကုသမှု ခံယူထားကြသည့် ရဟန်းသံဃာများအပါအဝင် မျက်စိဝေဒနာရှင် ရဟန်းရှင်လူများအား နေကာမျက်မှန်၊ ပါဝါမျက်မှန်များ စာရင်းအရ လှူဒါန်းပေးအပ်ပြီး အားပေးစကား ပြောကြားကြသည်။ ဆက်လက်၍ ပင်မအလှူရှင် ဒေါက်တာမောင်မောင်အေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မျက်စိဝေဒနာရှင်များအား မျက်မှန်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ တွဲဖက်အထွေထွေအတွင်းရေးမှူးက ဆေးပဒေသာပင်အလှူငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုကြီးအားလည်းကောင်း၊ အလှူရှင်ဒေါက်တာ မောင်မောင်အေးက မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးခွဲစိတ်ကုသ ကုန်ကျစရိတ် အလှူငွေများကို ပခုက္ကူခရိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင်တာဝန်ခံ ဦးကျော်တင့်သို့လည်းကောင်း၊ ပခုက္ကူမြို့ ကုန်သည်ကြီးများအသင်းမှ ပခုက္ကူအထွေထွေရောဂါကု ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကို ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုကြီးအားလည်းကောင်း၊ ပခုက္ကူမြို့ စက်မှုဇုန်ရိုးမရာဇာ မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးကုမ္ပဏီမှ ပခုက္ကူအထွေထွေရောဂါကု ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ကျန်ရှိသောအလှူရှင်များက ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူ အသီးသီးက လက်ခံယူခဲ့ကြသည်။

ထို့နောက် မျက်စိခွဲစိတ်ကုသမှုခံယူသူ မျက်စိဝေဒနာရှင်များကိုယ်စား ဦးအောင်ခင်မြင့်က ကျေးဇူးတင်စကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကဦးစီးပြီး ယခုလို မျက်စိဝေဒနာရှင်များကို အခမဲ့ ကွင်းဆင်းစစ်ဆေးကုသပေးခြင်း၊ ဆေးကုသမှုခံယူနေချိန်တွင် နေထိုင်စားသောက်ရေး အဆင်ပြေအောင်စီစဉ်ပေးခြင်း၊ မျက်စိခွဲစိတ်ပြီး ဝေဒနာရှင်များကို နေကာမျက်မှန်များ အခမဲ့ပေးလှူခြင်း ပါဝါမျက်မှန် လိုအပ်သူများကို ပါဝါမျက်မှန်ပေးလှူခြင်းတို့ကြောင့် ပြောမပြတတ်အောင် ဝမ်းသာကျေးဇူးတင်ရှိပါကြောင်း၊ ခံစားချက်အပြည့်ဖြင့် ပြောကြားသွားရာ ကြားရသူအပေါင်း ရင်ဝယ်သိမ့်တုန် ပီတိအဟုန်တို့ဖြင့် ရသစုံလွှမ်းခြုံ ခံစားနေကြောင်း သူတို့၏မျက်နှာများဝယ် ထင်ဟပ်နေသည်။

ဆက်လက်၍ မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သော ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်တိုက်တိပိဋကလင်္ကာရကျောင်းမှ စာချဆရာတော် ဘဒ္ဒန္တပညာသီဟက ကျေးဇူးတင်စကား ချီးမြှင့်ရာတွင် သူတစ်ပါးတို့ပြုဖူးသောကျေးဇူးကို သိသည့်အလျောက် အတုံ့တဖန်ပြန်၍ ကျေးဇူးဆပ်နိုင်မှသာ ပညာရှိသူတော်ကောင်းဟု ခေါ်ဆိုနိုင်ကြောင်း မျက်စိဝေဒနာရှင်၊ ရဟန်းရှင်လူတို့အား တစ်နေရာတည်း တစ်ချိန်တည်းတွင် လာရောက်စီစဉ်ကုသပေးကြသည့်အတွက် မျက်စိဝေဒနာရှင်အားလုံး ယခုဆိုလျှင် လူမှုရေး၊ စီးပွားရေးများကို အများနည်းတူ ပြုလုပ်နိုင်ရုံတင်မက၊ တရားစာပေများကို ဖတ်ရှုနိုင်ခြင်း၊ ဘုရားရှင်ကိုယ်ပွားရုပ်ပွားဆင်တုတော်များကို ဖူးမြော်နိုင်ခြင်းစသော လောကီ၊ လောကုတ္တရာအကျိုးများ ကိုယ်စီခံစားနိုင်ပြီဖြစ်ကြောင်း ဝမ်းပန်းတသာမြွက်ကြား၍ သာဓုအနုမောဒနာ သုံးကြိမ်ရွတ်ဆိုသွားရာ ကြားရသူအပေါင်းက ကြည်နူးဝမ်းမြောက် သာဓုသုံးကြိမ် ရွတ်ဆိုခဲ့ရပါကြောင်း ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

သီပေါမြို့နယ် ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

သီပေါ ဇူလိုင် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် မြို့နယ်ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီ ဆောင်ရွက်မှုကိုရယူကာ ဘော်ကြိုဒေသ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၅ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် ဘော်ကြို ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းအောင်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစိုင်းသာလှိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မာရေး၊ စာအုပ်များထားသိုပုံနည်းစနစ်၊ စာရင်းဇယားများ ဖြည့်စွက်ရေးသားနည်းများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက စာအုပ်စာပေ လူ့မိတ်ဆွေ ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က သုတ၊ ရသစာအုပ် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက ကျန်းမာရေး၊ လူမှုရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး စာအုပ်စာတမ်း ၈၅အုပ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက် (၃) ဒေါ်သိင်္ဂီစိုးက ဒို့ကျေးရွာ ဂျာနယ်နှင့် နေ့စဉ်ထုတ်သတင်းစာများကို ဘော်ကြိုကျေးရွာ ဥက္ကဋ္ဌ ဦးစိုင်းအောင်ရွှေထံ ပေးအပ်လှူဒါန်းကြသည်။

(ဝ၂ဝ)

ရန်ကုန်တိုင်း စည်ပင်သာယာရေး အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဇူလိုင် ၂ ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မပန်းခြံအတွင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်မြင့်

နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မလှိုင်မြို့မဈေး၌ မီးသုံးစွဲမှု ကြည့်ရှုစစ်ဆေး

မလှိုင် ဇူလိုင် ၁၂

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်များ မီးသုံးစွဲမှုနှင့် မီးသတ်ဆေးဘူးများထားရှိမှုကို ဇွန် ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်း၊ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်ရှိန် ဦးစီးသော အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးဦးစီးသော မီးသတ်ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(တိုင်းစည်ပင်)

ဟားခါးအထက(၁) ကျောင်းသား ကျောင်းသူများ ရှေးဟောင်းသုတေသနပြတိုက်၌လေ့လာ

ဟားခါး ဇူလိုင် ၁၂

ချင်းပြည်နယ် ဟားခါးမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ ကြီးကြပ်လျက် ကျောင်းသားကျောင်းသူ ၆၀၀ ကျော်သည် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ပေါ်ရှိ ယဉ်ကျေးမှုပြတိုက်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်သို့ သွားရောက် လေ့လာကြသည်။

ရှင်းလင်းပြသ

လေ့လာရေးအဖွဲ့ကို ရှေးဟောင်း သုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ချင်းမျိုးနွယ်စုများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအကြောင်းကို ပြတိုက်အတွင်း လှည့်လည်ရှင်းလင်းပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် မြေစိုက်ပိုစတာများကို လေ့လာကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ဇွန် ၁၄ရက်က ရန်ကုန်-ပုသိမ် ကားလမ်း ကံကလေး-ဂုံမင်းကျေးရွာကြားလမ်းဘေးဝဲယာတစ်လျှောက် ခြံစည်းရိုး ကြက်ဆူပင် ၇၈၅၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေနှင့် ဗုဒ္ဓစာပေစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေနှင့် ဗုဒ္ဓစာပေစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)ဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇လမ်း အမှတ်၄၉ နေ ဦးတင်စိန်(သီရိသုဓမ္မသိင်္ဂီ)-ဒေါ်ကျင်သိန်းမိသားစုက ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် အလှူငွေ ကျပ်သိန်း ၂၆၀၊ ဦးချမ်းသာ-ဒေါ်ဥမ္မာမြင့် (သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)ဝန်ထမ်းမိသားစုက ငွေကျပ် ၅၀၅၀၀၀၀တန်ဖိုးရှိ ဗုဒ္ဓဘာသာကောင်းစာအုပ် အုပ်ရေ ၁၀၀၀၊ ဗုဒ္ဓဘာသာ လက်စွဲကျမ်း ပထမတွဲနှင့် ဒုတိယတွဲ အုပ်ရေ ၂၅၀စီတို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

လေဘေးသင့်ဒေသများ၌ ရင်သွေးငယ်များ အရှိန်အဟုန်မပျက် ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများအားလုံးကို ယခုနှစ် ဇွန်လမကုန်မီ အပြီးဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အပြင် ယခင်က အချို့ကျေးရွာများ၌ ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး တွဲဖက်ကျောင်းများကိုလည်း နိုင်ငံတော်ကတာဝန်ယူသည့် အခြေခံပညာကျောင်းများအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ကျော်စွာငယ်၏ ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။